# လက်တွေ့အသုံးချ ဒစ်ဂျစ်တယ်ငွေကြေးအသိပညာ-ဝမ်းန်အိုဝမ်းန်

## သင်တန်းပို့ပိုးသူ လက်စွဲလမ်းညွှန်

ခန့်မှန်းကြာချိန် (၁နာရီခွဲ)


**Developed by**

ThitsaWorks
Powering Financial Inclusion

**Funded by**

LIFT
Livelihoods and Food Security Fund
UKaid
EUROPEAN UNION
Swiss Agency for Development and Cooperation SDC
Australian Aid
USAID
Canada
NEW ZEALAND
Norwegian Ministry of Foreign Affairs
managed by UNOPS

UNCDF
Impact Capital for Development

## LIFT

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသမှ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပိုမို တိုးတက်ကောင်းမွန်လာစေရေးအတွက် စေတနာဖြင့် ထည့်ဝင် လှူဒါန်းခဲ့ကြသည့် ဩစတြေးလျ၊ ကနေဒါ၊ ဥရောပ သမဂ္ဂ၊ နယူးဇီလန်၊ နော်ဝေး၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန်ပြည်ထောင်စုတို့မှ အစိုးရများအား ကျေးဇူး ဥပကာရတင်ရှိပါသည်။ ၎င်းတို့၏ ကူညီပံ့ပိုးမှုများအား အသက်မွေး ဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာ ဖူလုံရေးရန်ပုံငွေ (LIFT)မှ ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဤ အစီရင်ခံစာ ကို ဩစတြေးလျ၊ ကနေဒါ၊ ဥရောပ သမဂ္ဂ၊ နယူး ဇီလန်၊ နော်ဝေး၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စုတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရေးသား ပြုစု ထားခြင်း ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြ ထားသော အမြင်များသည် LIFTတွင် ထည့်ဝင် လှူဒါန်းထားကြသည့် အလှူရှင်များ၏ တရားဝင် အမြင်များဟု ထင်မြင်ယူဆခြင်း မပြုစေလိုပါ။

## UNCDF

အသုံးပြုထားသောအမည်ခေါ်ဆိုမှုများနှင့် ဤထုတ်ဝေမှုတွင်ပါရှိသောမြေပုံများနှင့် ဂရပ်များပေါ်ရှိအကြောင်းအရာများသည်  ကုလသမဂ္ဂ အရင်းအနှီး ဖွံ့ ဖြိုးရေး ရံပုံငွေအဖွဲ့ (သို့) ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး
(သို့)  ဆက်စပ်အဖွဲ့အစည်းများ
(သို့)  အဖွဲ့ဝင်နိုင်ငံများနှင့် တရားဝင်ဆက်စပ်သော နိုင်ငံ၊ နယ်မြေ၊ မြို့ နှင့်  ၎င်း၏ အာဏာပိုင်များ၊ နယ်နိမိတ်မျဉ်းများနှင့် သက်ဆိုင်သည့် မည်သည့်သဘောထားကိုမဆို ထုတ်ဖော်ပြောဆိုခြင်း မဟုတ်ပါ။

## မာတိကာ


သင်ခန်းစာ (၁) ဒစ်ဂျစ်တယ်အသိပညာ ........ 5

သင်ခန်းစာရည်ရွယ်ချက် ........ 5

အဓိကပါဝင်ရမည့်အချက်များ........ 5

(၁.၁) သတင်းအချက်အလက်နည်းပညာအခေါ်အဝေါ်များ ........ 5

(၁.၂) နည်းပညာနဲ့ ရှာဖွေရေး........ 6

(၁.၃) ကိုယ်ရေးအချက်အလက်လုံခြုံရေး ........ 7

(၁.၄) လုံခြုံတဲ့ ပတ်စ်ဝတ်........ 7

(၁.၅) သတင်းမှန်/ သတင်းမှား ........ 7

(၁.၆) လိမ်လည်ခြင်း ........ 8

(၁.၇) ချေးငွေ မသမာမှုများနဲ့ သတိထားရမယ့်အချက်တွေ........ 9

(၁.၈) ကိုယ်ရေး အချက်အလက်တွေပေါက်ကြားခဲ့ရင်........10

လေ့ကျင့်ခန်း ........10

လေ့ကျင့်ခန်းအတွက် အဖြေနှင့် ရှင်းလင်းချက်များ ........11

သင်ခန်းစာ (၂) ငွေကြေးအသိပညာ ........ 13

သင်ခန်းစာရည်ရွယ်ချက် ........13

အဓိကပါဝင်ရမည့်အချက်များ........13

(၂.၁) ဝင်ငွေ/ ထွက်ငွေ/ စုဆောင်းငွေ/ ရင်းနှီးမြှုပ်နှံငွေ/ ချေးငွေ/ အကြွေး ........13

(၂.၂) မှန်ကန်ကောင်းမွန်သော ငွေကြေး အလေ့အထများ........16

(၂.၃) စာရင်းမှတ်ခြင်း........18

လေ့ကျင့်ခန်း ........19

လေ့ကျင့်ခန်း အဖြေနှင့် ရှင်းလင်းချက်များ ........19

သင်ခန်းစာ (၃) ဒစ်ဂျစ်တယ်ငွေကြေးအသိပညာ ........ 21

သင်ခန်းစာရည်ရွယ်ချက် ........21

အဓိကပါဝင်ရမည့်အချက်များ........21

(၃.၁) ဖုန်းထဲက ပိုက်ဆံအိတ် ........21

(၃.၂) မိုဘိုင်းလ်ဝေါလက်ဆိုတာ........22

(၃.၃) မိုဘိုင်းလ်ဝေါလက်အကောင့်ဖွင့်မယ်........24

(၃.၄) ဝေါလက်ထဲက ဒစ်ဂျစ်တယ်ပိုက်ဆံ ....27
(၃.၅) လက်တွေ့အသုံးချ ဒစ်ဂျစ်တယ်ငွေကြေးကိစ္စ....28
(၃.၆) ချေးငွေပြန်ဆပ်မယ်....31
(၃.၇) ကေဝိုင်စီ (KYC)....31
လေ့ကျင့်ခန်း ....32
လေ့ကျင့်ခန်း အဖြေနှင့် ရှင်းလင်းချက်များ ....33
သင်ခန်းစာ (၄) ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု.... 36
သင်ခန်းစာရည်ရွယ်ချက် ....36
အဓိကပါဝင်ရမည့်အချက်များ....36
(၄.၁) ငွေပေးချေမှုသမိုင်းကြောင်း....36
(၄.၂) ဒစ်ဂျစ်တယ်ငွေကြေးလွှဲပြောင်းခြင်း (Digital Cash Transfer) ....37
(၄.၃) ဒစ်ဂျစ်တယ်ငွေကြေးစနစ်....37
(၄.၄) မတူညီသော ငွေကြေးဝန်ဆောင်မှုများအကြား အပြန်အလှန်ငွေပေးချေနိုင်သည့်စနစ်များ (Interoperable Payment Systems)....37
(၄.၅) "အခုဝယ် နောက်မှရှင်း" (Buy Now, Pay Later) ....38
လေ့ကျင့်ခန်း ....39
လေ့ကျင့်ခန်း အဖြေနှင့် ရှင်းလင်းချက်များ ....40

# သင်ခန်းစာ (၁)

# ဒစ်ဂျစ်တယ် အသိပညာ

## သင်ခန်းစာ (၁) ဒစ်ဂျစ်တယ်အသိပညာ

**(၁.၁)သတင်းအချက်အလက်နည်းပညာအခေါ်အဝေါ်များ**

**(၁.၂) နည်းပညာနဲ့ ရှာဖွေရေး**

**(၁.၃) ကိုယ်ရေးအချက်အလက်လုံခြုံရေး**

**(၁.၄) လုံခြုံတဲ့ပတ်စ်ဝတ်**

**(၁.၅) သတင်းမှန်/ သတင်းမှား**

**(၁.၆) လိမ်လည်ခြင်း**

**(၁.၇) ချေးငွေမသမာမှုများနဲ့ သတိထားရမယ့်အချက်တွေ**

**(၁.၈) ကိုယ်ရေးအချက်အလက်တွေပေါက်ကြားခဲ့ရင်**

### သင်ခန်းစာရည်ရွယ်ချက်

- ❑ သင်တန်းသားများအား အခြေခံ ဒစ်ဂျစ်တယ် အသိပညာများ သိရှိစေရန်
- ❑ မိမိတို့၏ သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် ပိုမို အထောက်အကူဖြစ်စေရန် ဒစ်ဂျစ်တယ် နည်းပညာကို အကျိုးရှိရှိ အသုံးချတတ်စေရန်
- ❑ ကိုယ်ရေးအချက်အလက်လုံခြုံရေးနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များကို သိရှိပြီး သတိပြုမိစေရန်

### အဓိကပါဝင်ရမည့်အချက်များ

- ❑ သင်တန်းသားများ၏ အသုံးပြုမှုများသော ဖေ့စ်ဘုတ်၊ ဗိုင်ဘာစသည်တို့တွင် သက်ဆိုင်ရာ လုပ်ငန်းခွင်များအတွက် အသုံးဝင် အထောက်အကူပြုနိုင်သော အချက်အလက်များ ရှာတတ်စေရန်
- ❑ လိမ်လည်မှုများနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်များအား ပြောပြရန်

### (၁.၁) သတင်းအချက်အလက်နည်းပညာအခေါ်အဝေါ်များ

**သတင်းအချက်အလက်နည်းပညာဆိုတာ (အိုင်စီတီ - ICT = Information and Communication Technology) ကိုဆိုလိုတာဖြစ်ပါတယ်။**

- ➢ သတင်းအချက်အလက်တွေကို ထုတ်လွှင့်ဖို့၊ သိမ်းဆည်းထားဖို့၊ ဖန်တီးဖို့၊ မျှဝေဖို့၊ လဲလှယ်ဖို့ နည်းပညာကို အသုံးချဆောင်ရွက်တာပါ။

**ဒစ်ဂျစ်တယ်နည်းပညာဆိုတာ (Digital Technology)**

- ➢ ဒစ်ဂျစ်တယ်ကတော့ အဲ့ဒီနည်းပညာတွေကို လူသားတွေရဲ့ လက်တွေ့ဘဝတွေမှာ ပိုပြီး အသုံးချနိုင်လာတာပါ။

**အိုင်စီတီဆိုတာ ကားအင်ဂျင်နဲ့တူပြီး ဒစ်ဂျစ်တယ်နည်းပညာကတော့ ကားမောင်းတဲ့ အတွေ့အကြုံနဲ့ တူပါတယ်။**

- **ငွေကြေးကဏ္ဍရဲ့ နည်းပညာကိုတော့ FinTech = Financial Technology လို့ခေါ်တယ်။**
- **စိုက်ပျိုးရေးကဏ္ဍရဲ့ နည်းပညာကိုတော့ AgriTech = Agricultural Technology လို့ခေါ်တယ်။**
- **ကျန်းမာရေးကဏ္ဍမှာကျတော့ Telemedicine လို့ခေါ်တယ်။**

***တိုတိုပြောရရင် နည်းပညာဆိုတာ အချက်အလက်တွေနဲ့ အဓိက အလုပ်လုပ်တာဖြစ်တယ်။ ကိုယ်လိုချင်တဲ့ အချက်အလက်တွေကို အချိန်တိုအတွင်း ရှာဖွေ အသုံးချနိုင်အောင် ကူညီပေးတာပဲဖြစ်တယ်။***

## (၁.၂) နည်းပညာနဲ့ ရှာဖွေရေး

**နည်းပညာရဲ့ ရှာဖွေရေးအင်ဂျင်တွေမှာ အဓိက အရေးပါတာက အေအိုင်လို့ခေါ်တဲ့ (AI = Artificial Intelligence) = မှတ်ဉာဏ်တုပါ။**

ဥပမာ - ဖေ့စ်ဘုတ်မှာ အသုံးပြုသူတစ်ယောက်က ဘာအကြောင်းအရာတွေကို ကြည့်တတ်လဲ၊ ဘယ်လိုအကြောင်းအရာမျိုးကို လိုက်ခ် (Like) လုပ်တတ်လဲ၊ ဘယ်အကြောင်းအရာတွေကို ရှာဖွေကြည့်ရှုတတ်သလဲ၊ ကိုယ့်ရဲ့ သူငယ်ချင်းတွေက ဘယ်လိုအကြောင်းအရာတွေကို ကိုယ့်ကိုရှဲ (share) လေ့ရှိသလဲ၊ ဘယ်လိုဂရု (group) တွေကို ဝင်ထားလဲ၊ ဘယ်နေရာတွေမှာ ချက်ကင် (Check in) ဝင်ထားလဲ စတဲ့ ကိုယ့်ရဲ့ လှုပ်ရှားမှုတွေကို မှတ်သားထားပြီး ကိုယ်က အကြောင်းအရာတစ်ခုခုကို ရှာလိုက်တဲ့အခါမှာ အထက်ပါ အချက်တွေပေါ်မူတည်ပြီး ကိုယ် စိတ်ဝင်စားမယ်ထင်တဲ့ အကြောင်းအရာတွေကို ပြသလေ့ရှိပါတယ်။

- ကိုယ်က စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို စိတ်ဝင်စားရင် စိုက်ပျိုးရေးလို့ ဆာ့ချ်ဘား (search bar) မှာ ရိုက်ပြီးရှာလိုက်မယ်။ ဒါဆို ဖေ့စ်ဘုတ်က စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ များများ ပြလာမယ်။
- ဒီ့ထက် ပိုအသေးစိတ်ချင်ရင် ဆန်/စပါးလို့ရိုက်ပြီးရှာလိုက်မယ်ဆိုရင် ပိုပြီး အသေးစိတ်တဲ့ ဆန်/စပါးနဲ့ဆိုင်တဲ့အကြောင်းအရာတွေ ပြပေးမှာပါ။
- မြန်မာလို ရိုက်ပြီး ရှာလို့လဲ ရပါတယ်။ (ယူနီကုတ်ဖောင့်သုံးမယ်ဆိုရင်တော့ အင်္ဂလိပ်လို တိုက်ရိုက် ဘာသာပြန်နိုင်တဲ့အတွက် ပိုပြီး အကျိုးရှိနိုင်မှာပါ။)
- ဂူးဂဲလ်ပလေးစတိုးတို့၊ ဗိုင်ဘာတို့လို အပလီကေးရှင်းတွေရဲ့ ဆာ့ချ်ဘားမှာလဲ အလားတူ ကိုယ်အသုံးပြုချင်တဲ့၊ ကိုယ်စိတ်ဝင်စားတဲ့ အပလီကေးရှင်းကို နံမည် မသိရင်တောင်မှ စကားလုံး တစ်ခုခုကို ရိုက်ထည့်ပြီး ရှာဖွေနိုင်ပါတယ်။

**ဒါတွေက နမူနာ ပြောပြထားတာပါ။ သက်ဆိုင်ရာ နည်းပညာ ချန်နယ်တိုင်းမှာ ကိုယ်စိတ်ဝင်စားရာ၊ ကိုယ်သိလိုရာကို ရိုက်ထည့်ပြီး ရှာဖွေနိုင်ပါတယ်။**

## (၁.၃) ကိုယ်ရေးအချက်အလက်လုံခြုံရေး

အင်တာနက်ကို တွင်တွင်ကျယ်ကျယ် သုံးလာကြတဲ့ ဒစ်ဂျစ်တယ်ခေတ်မှာ မသမာသူတွေကြောင့် လုံခြုံရေးကျိုးပေါက်ခြင်း မဖြစ်စေရန် သတိရှိရှိ သုံးစွဲသင့်ပါတယ်။

ကိုယ်ရေးအချက်အလက်တွေဖြစ်တဲ့

- မှတ်ပုံတင်
- မွေးသက္ကရာဇ်
- ဖုန်းနံပါတ်
- အိမ်ထောင်စုဇယား
- ဘဏ်အကောင့်နံပါတ် စတာတွေကို ဆိုရှယ်မီဒီယာပေါ် (လိုင်းပေါ်) မတင်သင့်ပါ။

ကိုယ်အသုံးပြုနေတဲ့အကောင့်မျိုးစုံရဲ့

- ပတ်စ်ဝတ် (Password) ခေါ် စကားဝှက်
- အိုတီပီ (OTP) ခေါ် တစ်ခါသုံးစကားဝှက်များကို တခြားသူများအား မပြောသင့်ပါ။

## (၁.၄) လုံခြုံတဲ့ ပတ်စ်ဝတ်

ပတ်စ်ဝတ်(စကားဝှက်) နဲ့ပတ်သက်ပြီး သတိထားရမယ့် အချက်အချို့ကို ပြောပြပါမယ်။

- ခန့်မှန်းရလွယ်တဲ့ ဂဏန်းများ မပေးသင့်ပါ။ (ဥပမာ - ၁၂၃၄၅၆၊ ၁၁၁၁)
- မွေးသက္ကရာဇ်၊ ဖုန်းနံပါတ် စသဖြင့် ကိုယ်ရေးအချက်အလက်နဲ့ဆိုင်တာ မပေးသင့်ပါ။
- အများမြင်သာတဲ့ နေရာမှာ ရေးမှတ်မထားသင့်ပါ။
- အကောင့်အားလုံးကို ပတ်စ်ဝတ်တစ်ခုတည်း အသုံးမပြုသင့်ပါ။
- ကိုယ့်ရဲ့ အကောင့်ကို တခြားနေရာတစ်ခုခုက အသုံးပြုနေတယ်ဆိုတဲ့ လုံခြုံရေးအသိပေးချက် မက်ဆေ့ချ်ရရှိပါက ပတ်စ်ဝတ်ချက်ချင်းပြောင်းသင့်ပါတယ်။

## (၁.၅) သတင်းမှန်/ သတင်းမှား

ဒီနေ့လို သတင်းစီးဆင်းမှုမြန်ဆန်တဲ့ခေတ်မှာ သတင်းမှားတွေဟာ လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တွေကို အနည်းနဲ့ အများ ထိခိုက်နိုင်တာကြောင့်ပဲမို့ သတင်းအမှားတွေရဲ့ အန္တရာယ်ကိုလည်း သတိထား ရပါမယ်။

သတင်းမှား ဆိုရာမှာ -

**ရည်ရွယ်ချက်ရှိရှိနဲ့ ဖြန့်ဝေတဲ့ သတင်းမှားဖြစ်တဲ့ ဒစ်စ်အင်ဖော်မေးရှင်း (Disinformation) နဲ့**

**ရည်ရွယ်ချက်မရှိပေမယ့် အချက်အလက်မမှန်ကန်လို့ အထင်အမြင် လွဲမှားနိုင်တဲ့ သတင်းမှား မစ်စ်အင်ဖော်မေးရှင်း (Misinformation**) ဆိုပြီးရှိပါတယ်။

ဒါဆိုရင် သတင်းတစ်ခုတွေ့ရင် ဘာတွေလုပ်သင့်လဲ ကြည့်ကြရအောင်။

- သတင်းခေါင်းစဉ်တစ်ခုတည်းကို မဖတ်ဘဲ သတင်းအကြောင်းအရာကိုပါ သေချာဖတ်ပါ။
- ထင်ယောင်ထင်မှားဖြစ်အောင် သတင်းဟောင်းကို ပြန်တင်ထားတာလား/ ဘက်မလိုက်တဲ့ သတင်းဟုတ်ရဲ့လား စစ်ဆေးပါ။
- အရေးကြီးပြီး အန္တရာယ်ရှိနိုင်တဲ့သတင်းမျိုးဆို ပိုပြီး ဂရုတစိုက် စစ်ဆေးပါ။
- တခြားသူကို မျှဝေတော့မယ်၊ ရှဲမယ်ဆိုရင် သေချာနိုင်တဲ့ နေရာ ၂ ခု၊ ၃ ခု မှာ ထပ်မံစစ်ဆေးသင့်ပါတယ်။

## (၁.၆) လိမ်လည်ခြင်း

**"ငွေ"** လိုချင်လို့ လိမ်လည်တတ်ကြသလို **"ကိုယ်ရေးအချက်အလက်တွေ"** လိုချင်လို့ လိမ်ကြတာမျိုးလည်း ရှိပါတယ်။ လိမ်လည်တဲ့အခါမှာ

- စကားလုံးအလှလေးတွေသုံးကာ ဂရုစိုက်ပြပြီး ချဉ်းကပ် လိမ်ညာခြင်း။
- အထင်ကြီးလောက်တဲ့ မက်လုံးပေးပြီး လိမ်လည်ခြင်း။ (ဥပမာ ကံစမ်းမဲ ပေါက်တယ်ဆိုတဲ့ မက်ဆေ့ချ်မျိုးတွေ ကိုယ့်ဆီရောက်လာတာ)
- တရားဝင်အဖွဲ့အစည်းရဲ့ ဝန်ထမ်းလို အယောင်ဆောင်ပြီး လိမ်လည်ခြင်း။ (ဥပမာ အသေးစားချေးငွေအဖွဲ့အစည်းရဲ့ ဝန်ထမ်း၊ ဘဏ်ဝန်ထမ်း၊ မိုဘိုင်းဝေါလက်ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းတွေအဖြစ် အယောင်ဆောင်ပြီး ကိုယ့်ဆီရောက်လာတာ)
- ကိုယ့် ကိုယ်ရေးအချက်အလက်တွေကိုအလွဲသုံးစားလုပ်ပြီး ချေးငွေများ ပိုမို လိမ်ညာချေးယူထားခြင်း။
- တရားဝင်အဖွဲ့အစည်းရဲ့နာမည်၊ ရုပ်ပုံကို သုံးပြီး လိမ်လည်ခြင်း။ (ဥပမာ ဖေ့ဘွတ်ပေ့ချ် နာမည်၊ မေးလ်လိပ်စာ နာမည်၊ ဓာတ်ပုံ၊ အမှတ်တံဆိပ်)

**ဒါဆိုရင် လိမ်လည်မခံရအောင် ဘာတွေသတိထားရမလဲ။**

- ဒစ်ဂျစ်တယ်အသိပညာများ စဉ်ဆက်မပြတ် လေ့လာထားခြင်းဖြင့် ဆောင်ရန်ရှောင်ရန်တွေသိထားသင့်တယ်။
- အွန်လိုင်းပေါ်က တွေ့သမျှကို လွယ်လွယ်မယုံသင့်ဘူး။

## (၁.၇) ချေးငွေ မသမာမှုများနဲ့ သတိထားရမယ့်အချက်တွေ

***ချေးငွေနဲ့ပတ်သက်ရင် လူတိုင်းကို မယုံဘဲ သက်ဆိုင်ရာအဖွဲ့အစည်းကိုသာ တိုက်ရိုက်ဆက်သွယ်ပြီး စည်းမျဉ်းစည်းကမ်းတွေ၊ အတိုးနှုန်းတွေစတဲ့ ချေးငွေနဲ့ ပတ်သက်လို့ သိထားသင့်တဲ့ အကြောင်းအရာတွေကို သေချာနားလည်တဲ့အထိ ကိုယ်တိုင် စုံစမ်းမေးမြန်းသင့်ပါတယ်။ ***

အခုလို အင်တာနက်ခေတ်မှာ အွန်လိုင်းချေးငွေလုပ်ငန်းတွေလည်း ရှိလာပါတယ်။ အမှန်အကန်တွေရှိသလို အလိမ်အညာတွေလဲ ရှိတယ်နော်။

**အွန်လိုင်းချေးငွေ ယူတော့မယ်ဆိုရင် သတိထားရမယ့် အချက်တွေကိုလည်း ပြောပြပေးလိုက်ပါတယ်။**

- ဘယ်တုန်းက ပေ့ချ် စ,ဖွင့်ထားတာလဲ ဆိုတာ စစ်ဆေးသင့်ပါတယ်။
- ရုံးလိပ်စာပါလား၊ ဖုန်းနံပါတ်ပါလား စစ်ဆေးပြီး ပါတယ်ဆိုရင် ကိုယ်တိုင်သွားရောက်၍ ဖြစ်စေ၊ ဖုန်းဆက်၍ဖြစ်စေ မေးမြန်း စုံစမ်းကြည့်သင့်ပါတယ်။
- ပေ့ချ်ရဲ့ ပို့စ်တွေကို အပေါ်ယံ တစ်ခု၊ နှစ်ခုပဲ ကြည့်တာမျိုးမလုပ်ဘဲ တော်တော်များများ လေ့လာကြည့်သင့်ပါတယ်။ ဘယ်လို ပို့စ်တွေရှိလဲ စစ်ဆေးတာမျိုး၊ ကော်မန့်တွေ ဖတ်ကြည့်တာမျိုး လုပ်မယ်ဆိုရင် ဒီပေ့ချ်ဟာ အမှန်အကန်လား၊ အလိမ်အညာလား ခွဲခြားလို့ရနိုင်ပါတယ်။
- MFI တွေက ငွေကြိုလွှဲခိုင်းလေ့မရှိတဲ့အတွက် ငွေ အရင် ကြိုလွှဲခိုင်းနေရင် သေချာပေါက် အလိမ်အညာဆိုပြီး မှတ်ယူနိုင်ပါတယ်။

**ဒေါင်းလုတ်မလုပ်ခင် သေချာဆန်းစစ်ပါ**

- အွန်လိုင်းကတဆင့် လိမ်လည်သူတွေဟာ ဒေတာအချက်အလက်တွေ ခိုးယူတဲ့ အပလီကေးရှင်းတွေကို အမှန်အကန်ဝန်ဆောင်မှုပေးတဲ့ အပလီကေးရှင်းတွေလို အယောင်ဆောင်ပြီး ဒေါင်းလုတ်လုပ်ခိုင်းတာတွေ ရှိနေပါတယ်။
- ဒါကြောင့် ကိုယ့်ရဲ့ဖုန်းမှာ အပလီကေးရှင်းတစ်ခုခု ဒေါင်းလုတ်လုပ်တော့မယ်ဆိုရင် အမှန်အကန်ဟုတ်ရဲ့လား၊ အယောင်ဆောင် အလိမ်အညာလားဆိုတာ အရင်ဆုံး လေ့လာ စုံစမ်းဖို့ သတိပေးချင်ပါတယ်။
- ကိုယ့်ကို အပလီကေးရှင်းတစ်ခု ဒေါင်းလုတ်လုပ်ခိုင်းတယ်၊ အမှန်အကန် ဟုတ်/မဟုတ် မသေချာဘူးဆိုရင် ဂူးဂဲပလေးစတိုး (Google Play Store) မှာ ဖော်ပြထားတဲ့ အချက်အလက်တွေကို ဖတ်ကြည့်နိုင်တယ်။
- ဒါမှ မသေချာသေးဘူးဆိုရင် အဲ့ဒီနံမည်နဲ့ ဖေ့စ်ဘုတ်မှာ၊ ဗိုင်ဘာမှာ ရှာကြည့်မယ်။ တွေ့တယ်ဆိုရင် ပို့စ်တွေကို များများဖတ်ကြည့်မယ်။
- ဒီလောက်ဆိုရင်ကို အမှန်အကန် ဟုတ်/မဟုတ် ခန့်မှန်းနိုင်ပါတယ်။

## (၁.၈) ကိုယ်ရေး အချက်အလက်တွေပေါက်ကြားခဲ့ရင်

ဒစ်ဂျစ်တယ်အသုံးပြုတာနဲ့ ပတ်သက်ပြီး ကိုယ်က ဆောင်ရန်ရှောင်ရန်တွေကို လေ့လာထားတယ်၊ အတတ်နိုင်ဆုံးလဲ လုံခြုံရေးအချက်အလက်တွေလိုက်နာပြီး လုံခြုံအောင်နေတယ်။ ဒါကိုမှ ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေ ပေါက်ကြားသွားတယ်၊ ချိုးဖောက်ခံရတယ်ဆိုရင် ဘာတွေလုပ်ရမယ်ဆိုတာ ပြောပြပေးပါမယ်။

**ဆိုရှယ်မီဒီယာအကောင့်တစ်ခုခု ချိုးဖောက်ခံရတယ်၊ အဟက်ခံရတယ် ဆိုရင်**

- ပတ်စ်ဝတ်ကို အရင်ဆုံးပြောင်းပါ။
- တခြား အကောင့်တစ်ခုကနေ ကိုယ့်ရဲ့ ဆိုရှယ်မီဒီယာအကောင့် အခိုးခံရကြောင်း အသိပေးအကြောင်းကြားပါ။

**မိုဘိုင်းလ်ဝေါလက်ဖွင့်ထားတဲ့ ဖုန်းဆင်းမ်ကတ် ပျောက်တာ၊ ပျက်တာမျိုးဆိုရင်**

- သက်ဆိုင်ရာ မိုဘိုင်းလ်ဝေါလက်ဝန်ဆောင်မှုကုမ္ပဏီကို ချက်ချင်း ဖုန်းဆက်ပြီး ကိုယ့်ရဲ့ အကောင့်ကို ယာယီပိတ်ခိုင်းထားပါ။
- သက်ဆိုင်ရာ ဖုန်းဝန်ဆောင်မှု ကုမ္ပဏီမှာ အဲ့ဒီဖုန်းနံပါတ်နဲ့ ဆင်းမ်ကတ်အသစ်ပြန်လျှောက်ပါ။

**ကိုယ်မသုံးဘဲနဲ့ ကိုယ့်ရဲ့ ဘဏ်အကောင့်နဲ့ ဝေါလက်တွေထဲက ငွေတွေလျော့နေတယ်ဆိုရင်**

- သက်ဆိုင်ရာ ဘဏ်၊ ဝေါလက်ဝန်ဆောင်မှု ကုမ္ပဏီတို့ကို ချက်ချင်းအကြောင်းကြားပါ။
- ညွှန်ကြားချက်များအတိုင်းဆောင်ရွက်ပါ။

**ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေ ခိုးယူပြီး ခြိမ်းခြောက်လာမယ် ဆိုရင်**

- စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
- ကိုယ့်ကို ခြိမ်းခြောက်ထားတဲ့ သက်သေတွေကို ရနိုင်သမျှ ယူထားပါ။
- အဲဒီနောက် သက်သေနှင့်တကွ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းကို တိုင်ကြားပါ။

**ကိုယ့်ရဲ့ ခရက်ဒစ်ကတ်၊ ဒက်ဘစ်ကတ်တွေ ပျောက်ဆုံး အခိုးခံရရင်**

- သက်ဆိုင်ရာ ဘဏ်ကို ချက်ချင်း ဆက်သွယ် အကြောင်းကြားပါ။
- ကတ်ကို ယာယီ ပိတ်ခိုင်းထားပါ။

### လေ့ကျင့်ခန်း

**၁။ အကောင့်အားလုံးကို ပတ်စ်ဝတ်တစ်ခုတည်း ထားပါ။ (မှန်/မှား)**

**၂။ ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေကို အလွယ်တကူ ပေးသင့်တယ်။ (မှန်/မှား)**

**၃။ ဖုန်း အပလီကေးရှင်းတွေကို ဂူးဂဲပလေးစတိုးမှာ မြန်မာလိုရှာလို့မရဘူး။ (မှန်/မှား)**

**၄။ ဆိုရှယ်မီဒီယာအကောင့်တစ်ခုခု ချိုးဖောက်ခံရတယ်၊ အဟက်ခံရတယ် ဆိုရင်**

- ❑ ပတ်စ်ဝတ်ကို အရင်ဆုံးပြောင်းပါ။
- ❑ တခြား အကောင့်တစ်ခုကနေ ကိုယ့်ရဲ့ ဆိုရှယ်မီဒီယာအကောင့် အခိုးခံရကြောင်း အသိပေးအကြောင်းကြားပါ။
- ❑ အထက်ပါအချက်အားလုံးလုပ်ပါ။

**၅။ MFI တွေက ငွေချေးမယ်ဆိုရင် ငွေကြိုလွှဲစရာ မလိုဘူး။ (မှန်/မှား)**

## လေ့ကျင့်ခန်းအတွက် အဖြေနှင့် ရှင်းလင်းချက်များ

**၁။ အကောင့်အားလုံးကို ပတ်စ်ဝတ်တစ်ခုတည်း ထားပါ။**

အဖြေ။ ။ မှား

ရှင်းလင်းချက်။ ။ အကောင့်တစ်ခုခု ချိုးဖောက်ခံရချိန်တွင် အခြားအကောင့်များပါ ချိုးဖောက်ခံရနိုင်သည့်အတွက် အကောင့်အားလုံးကို ပတ်စ်ဝတ်တစ်ခုတည်းမထားသင့်ပါ။

**၂။ ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေကို အလွယ်တကူ ပေးသင့်တယ်။** အဖြေ။ ။ မှား

ရှင်းလင်းချက်။ ။ ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေကို အလွဲသုံးစားလုပ်နိုင်တာကြောင့် ကိုယ့်ရဲ့ ကိုယ်ရေးချက်အလက်တွေကို စိတ်ချသေချာတဲ့ နေရာ ဟုတ်/မဟုတ် မသေချာဘဲ အလွယ်တကူမပေးသင့်ပါ။

**၃။ ဖုန်း အပလီကေးရှင်းတွေကို ဂူးဂဲပလေးစတိုးမှာ မြန်မာလိုရှာလို့မရဘူး။** အဖြေ။ ။ မှား

ရှင်းလင်းချက်။ ။ ဂူးဂဲလ်ပလေးစတိုးမှာ မြန်မာလိုရှာလို့ရပါတယ်။ စံအဖြစ်သတ်မှတ်ထားတဲ့ ယူနီကုတ်ဖောင့်ကို သုံးရင် ပိုပြီးအဆင်ပြေနိုင်ပါတယ်။

**၄။ ဆိုရှယ်မီဒီယာအကောင့်တစ်ခုခု ချိုးဖောက်ခံရတယ်၊ အဟက်ခံရတယ် ဆိုရင်**

အဖြေ။ ။ အထက်ပါအချက်အားလုံးလုပ်ပါ။

ရှင်းလင်းချက်။ ။ ကိုယ့်ရဲ့အကောင့်ကတစ်ဆင့် ကိုယ့်ရဲ့ friend တွေကို ငွေချေးတာတွေ၊ ခြိမ်းခြောက်ငွေညှစ်တာတွေ၊ ကိုယ့်ရဲ့ကိုယ်ရေးအချက်အလက်တွေကို အလွဲ

သုံးစားလုပ်တာတွေ ဖြစ်နိုင်တာကြောင့် ပတ်စ်ဝတ်ပြောင်းတာ၊ တစ်ခြားအကောင့်ကနေ အကြောင်းကြားတာ (၂) မျိုးလုံးကို လုပ်သင့်ပါတယ်။

**၅။ MFI တွေက ငွေချေးမယ်ဆိုရင် ငွေကြိုလွှဲစရာ မလိုဘူး။**

အဖြေ။ ။ မှန်

ရှင်းလင်းချက်။ ။ MFI တွေမှာငွေချေးတဲ့အခါ ငွေကြိုလွှဲစရာမလိုပါ။ ချေးငွေယူခွင့်ကျလာတဲ့အချိန်မှာမှ အချို့စာရွက်စာတမ်းကြေးလိုမျိုးပဲ လိုအပ်တာဖြစ်ပါတယ်။

# သင်ခန်းစာ (၂)

# ငွေကြေး အသိပညာ

## သင်ခန်းစာ (၂) ငွေကြေးအသိပညာ

**(၂.၁) ဝင်ငွေ/ထွက်ငွေ/စုဆောင်းငွေ/ရင်းနှီးမြှုပ်နှံငွေ/ချေးငွေ/ အကြွေး**

**(၂.၂) မှန်ကန်ကောင်းမွန်သော ငွေကြေး အလေ့အထများ**

**(၂.၃) စာရင်းမှတ်ခြင်း**

## သင်ခန်းစာရည်ရွယ်ချက်

- သင်တန်းသားများအား စာရင်းမှတ်တမ်းထားရှိခြင်းကဲ့သို့ မှန်ကန် ကောင်းမွန်သော ငွေကြေးအလေ့အကျင့်ကောင်းများ ရှိခြင်းဖြင့် ငွေကြေး စီမံခန့်ခွဲရာတွင် အထောက်အကူဖြစ်စေကြောင်း သတိထားမိစေရန်။
- ချေးငွေနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များသိရှိစေရန်။


## အဓိကပါဝင်ရမည့်အချက်များ

- အသုံးနှင့်အဖြုန်းကို ခွဲခြား သုံးတတ်စေရန်
- ချေးငွေမချေးခင် စဉ်းစားသင့်သည့် အချက်များသိစေရန်
- စာရင်းမှတ်တတ်စေရန်


## (၂.၁) ဝင်ငွေ/ ထွက်ငွေ/ စုဆောင်းငွေ/ ရင်းနှီးမြှုပ်နှံငွေ/ ချေးငွေ/ အကြွေး

ဒီသင်ခန်းစာမှာတော့ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးဌာနနှင့် အသက်မွေးဝမ်းကြောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) တို့ ပူးပေါင်းထုတ်ဝေထားသော **"ချွေတာစုဆောင်း ရှေ့ရေးကောင်း"** အမည်ရှိ ငွေကြေးစီမံခန့်ခွဲမှု အသိပညာပေးစာစောင်မှ ကိုးကား ကောက်နုတ် ဖော်ပြထားပါသည်။


**ဝင်ငွေ**




## ထွက်ငွေ




## စုဆောင်းခြင်းနှင့်ရင်းနှီးမြှုပ်နှံခြင်း


ရင်းနှီးမြှုပ်နှံခြင်း
အတိုးမရသော စုငွေ
ရင်းနှီးမြှုပ်နှံသင့်သောနေရာများ
စုမှုး
စုငွေ
+
အတိုး
တိုးပွားလာမှု
အိမ်တွင် ငွေစုဆောင်းခြင်းသည် ကောင်းသော အလေ့အကျင့် ဖြစ်ပါသည်။
ထိုထက် ပို၍ ကောင်းသည်မှာ ဝင်ငွေရလုပ်ငန်းများ တွင် ရင်းနှီး မြှုပ်နှံခြင်းအားဖြင့် ငွေတိုးပွားရန် အခွင့်အလမ်း ပိုရှိပါသည်။
၈

## ချေးငွေ/အကြွေး


အကြွေး/ချေးငွေ
ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေကို အကြွေးနဲ့ ယူသွားလို့ ရမလား။
ရပါတယ်။
အရင်း xxxxx
အတိုး xxx
xxxxx
ဘဏ်များမှ ချေးငွေ
ငွေကြေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုခုမှ ချေးငွေ
ငွေအတိုးချ စားသူများမှ ယူထားသော ချေးငွေ
အခြား လူပုဂ္ဂိုလ် တစ်စုံတစ်ဦးထံမှ ချေးငွေများ
အကြွေး/ချေးငွေဆိုသည်မှာ ရည်ရွယ်ချက်တစ်ခုခုဖြင့် ချေးယူပြီး သတ်မှတ်အချိန်ကာလ ရောက်လျှင် အတိုး နှင့် အရင်းပါ ပြန်လည်ပေးဆပ်ရခြင်း ဖြစ်ပါသည်။
၉






## (၂.၂) မှန်ကန်ကောင်းမွန်သော ငွေကြေး အလေ့အထများ





လိုချင်မှုအတွက် ငွေအသုံးပြုခြင်း (ရှောင်ရန်)
ဖုန်းမော်ဒယ်(လ်)
အသစ် ဝယ်ယူခြင်း
အရေးတကြီးမလိုအပ်သော
အသုံးအဆောင်များ
ဝယ်ယူခြင်း
လောင်းကစား ပြုလုပ်ခြင်း၊
ကွမ်း၊ ဆေးလိပ်၊ အရက် သုံးစွဲခြင်း
ချဲ ထိုးခြင်း၊
မူးယစ်ဆေးဝါး သုံးစွဲခြင်း
၁၁


မှန်ကန်သော ရင်းနှီးမြှုပ်နှံမှု
အဖြုန်း
ပိုက်ဆံ နည်းနည်း
လောက် ချေးပါ။
ကြွေးလာ
တောင်းတာ။
တစ်ပတ်နေရင်
ပြန်ဆပ်ပါ့မယ်။
အသုံး
၁၂




## (၂.၃) စာရင်းမှတ်ခြင်း

တတ်နိုင်သမျှ စာရင်းကို အသေးစိတ်မှတ်သားထားခြင်းဖြင့် ကိုယ့်ရဲ့ ဝင်ငွေ/ထွက်ငွေကို ခြေရာခံနိုင်ပါမယ်။ ဘယ်နေရာတွေမှာ ပိုသုံးမိနေလဲ မြင်သာထင်သာရှိစေပြီး လျှော့သုံးခြင်းအားဖြင့် ဝင်ငွေထွက်ငွေ မျှတအောင် စီမံခန့်ခွဲနိုင်စွမ်းတိုးတက်လာမှာပါ။




| အိမ်အသုံးစရိတ် | ယခင် အသုံးစရိတ် | လာမည့်လအတွက် အသုံးစရိတ် |
|---|---|---|
| ဓါးဖိုချောင်အသုံးစရိတ် | ၈၀,၀၀၀ | ၇၅,၀၀၀ |
| ခရီးစရိတ် | ၃၀,၀၀၀ | ၅,၀၀၀ |
| သာရေးနာရေး | ၅,၀၀၀ | ၅,၀၀၀ |
| အပတ်အစားဖိုး | ၁၀,၀၀၀ | ၅,၀၀၀ |
| အပျော်အပါး | ၂၀,၀၀၀ | ၅,၀၀၀ |
| ဖုန်းဘေလ် | ၁၅,၀၀၀ | ၁၀,၀၀၀ |
| ဆပ်ပြာ | ၃,၀၀၀ | ၃,၀၀၀ |
| ကျန်းမာရေး | ၃၀,၀၀၀ | ၃၀,၀၀၀ |
| ကလေးမုန့်ဖိုး | ၃၀,၀၀၀ | ၃၀,၀၀၀ |
| ချေး | ၂၀,၀၀၀ | ၀ |
| စုစုပေါင်း | ၂၄၃,၀၀၀ | ၁၆၈,၀၀၀ |

| | မလျှော့မီ | လျှော့ပြီး |
|---|---|---|
| လစဉ်ဝင်ငွေ | ၂၀၀,၀၀၀ | ၂၀၀,၀၀၀ |
| အိမ်အသုံးစရိတ် | ၂၄၃,၀၀၀ | ၁၆၈,၀၀၀ |
| (ပိုငွေ/လိုငွေ) | ၄၃,၀၀၀ | ၃၂,၀၀၀ |

## လေ့ကျင့်ခန်း

**၁။ "ချေးငွေ"က ဝင်ငွေ မဟုတ်ပါ။ (မှန်/မှား)**

**၂။ ချေးငွေမယူခင် စဉ်းစားသင့်တာတွေက**

- ❑ ငွေချေးရတဲ့ ရည်ရွယ်ချက်သိရမယ်။
- ❑ ကိုယ် ပြန်ဆပ်နိုင်တဲ့ပမာဏဖြစ်ရမယ်။
- ❑ အတိုးကို ကြိုတွက်ထားရမယ်။
- ❑ အထက်ပါအချက်အားလုံး။

**၃။ စာရင်းမှတ်တမ်း ထားသင့်တယ်။ (မှန်/မှား)**

**၄။ အကြွေးတွေများနေရင် အကြွေးပူကို အရင်ဆပ်သင့်တယ်။ (မှန်/မှား)**

**၅။ ငွေစုတဲ့အခါ ဝင်ငွေကို မစဉ်းစားဘဲ များများ စုနိုင်လေ ကောင်းလေဖြစ်တယ်။ (မှန်/မှား)**

## လေ့ကျင့်ခန်း အဖြေနှင့် ရှင်းလင်းချက်များ

**၁။ "ချေးငွေ"က ဝင်ငွေ မဟုတ်ပါ။**

အဖြေ။ ။ မှန်

ရှင်းလင်းချက်။ ။ ချေးငွေယူပြီးသွားပါက သတ်မှတ်ထားတဲ့အချိန်မှာ အတိုးနဲ့ အရင်းကို ပြန်လည်ပေးဆပ်ရန် တာဝန်ရှိတာ ဖြစ်တဲ့အတွက် ချေးငွေက ဝင်ငွေမဟုတ်ပါဘူး။

**၂။ ချေးငွေမယူခင် စဉ်းစားသင့်တာတွေက**

အဖြေ။ ။ အထက်ပါအချက်အားလုံး။

ရှင်းလင်းချက်။။။ ချေးငွေမယူခင်မှာ ငွေချေးရတဲ့ ရည်ရွယ်ချက်က မှန်ကန်ရဲ့လား၊ ပြန်ဆပ်နိုင်ရဲ့လား၊ အတိုးကဘယ်လောက်လဲ ကြိုသိထားမှသာ အကြွေးကို နိုင်နိုင်နင်းနင်းပြန်ဆပ်နိုင်မှာပါ။

**၃။ စာရင်းမှတ်တမ်း ထားသင့်တယ်။**

အဖြေ။ ။ မှန်

ရှင်းလင်းချက်။ ။ စာရင်းမှတ်တမ်းထားခြင်းဖြင့် ဝင်ငွေထွက်ငွေကို သိရှိနိုင်ပြီး မလိုအပ်တဲ့အသုံးစရိတ်ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

**၄။ အကြွေးတွေများနေရင် အကြွေးပူကို အရင်ဆပ်သင့်တယ်။**
အဖြေ။ ။ မှန်
ရှင်းလင်းချက်။ ။ အကြွေးပူကိုအရင်ဆပ်ခြင်းဖြင့် ငွေကြေးသောက လျော့နည်းစေမှာဖြစ်ပါတယ်။

**၅။ ငွေစုတဲ့အခါ ဝင်ငွေကို မစဉ်းစားဘဲ များများ စုနိုင်လေ ကောင်းလေဖြစ်တယ်။**
အဖြေ။ ။ မှား
ရှင်းလင်းချက်။ ။ ငွေစုတဲ့အခါမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးကို ဦးစားပေး ပြည့်စုံစေပြီးမှ ကိုယ့်ရဲ့ဝင်ငွေနဲ့ လိုက်လျောညီထွေတဲ့ စုငွေကို စုဆောင်းသင့်ပါတယ်။

# သင်ခန်းစာ (၃)

# ဒစ်ဂျစ်တယ်ငွေကြေးအသိပညာ

## သင်ခန်းစာ (၃) ဒစ်ဂျစ်တယ်ငွေကြေးအသိပညာ

**(၃.၁) ဖုန်းထဲက ပိုက်ဆံအိတ်**

**(၃.၂) မိုဘိုင်းလ်ဝေါလက်ဆိုတာ (ဒစ်ဂျစ်တယ်ငွေကြေး)**

**(၃.၃) မိုဘိုင်းလ်ဝေါလက်အကောင့်ဖွင့်မယ်**

**(၃.၄) မိုဘိုင်းလ်ဝေါလက်ထဲက ဒစ်ဂျစ်တယ်ပိုက်ဆံ**

**(၃.၅) လက်တွေ့အသုံးချငွေကြေးကိစ္စ**

**(၃.၆) ဈေးငွေပြန်ဆပ်မယ်။**

**(၃.၇) ကေဝိုင်စီ (KYC)**

### သင်ခန်းစာရည်ရွယ်ချက်

- ❑ သင်တန်းသားများအနေဖြင့် မိုဘိုင်းလ်ဝေါလက်ကဲ့သို့သော ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများသည် မိမိတို့၏ လုပ်ငန်းခွင် နှင့် လူမှုဘဝတွင် မည်သို့ လက်တွေ့အသုံးချနိုင်ကြောင်း သိရှိနားလည်သဘောပေါက်စေရန်။
- ❑ မိုဘိုင်းလ်ဝေါလက်အသုံးပြုရာတွင် အပေါ်ယံအတား အခက်အခဲများ ရှိနိုင်သော်လည်း အားသာချက်များရှိကြောင်း/ အကျိုးကျေးဇူးများရှိကြောင်းကို သင်တန်းသားများအနေဖြင့် သဘောပေါက်နားလည်ပြီး လက်တွေ့တွင်လည်း ယုံကြည်မှုရှိရှိ၊ ကျွမ်းကျွမ်းကျင်ကျင် အသုံးချတတ်စေရန်။

### အဓိကပါဝင်ရမည့်အချက်များ

- ❑ ကိုယ်တိုင် မိုဘိုင်းလ်ဝေါလက်အကောင့်မရှိသော်လည်း ကိုယ်စားလှယ်ကတစ်ဆင့်ဆောင်ရွက်နိုင်ကြောင်း
- ❑ လက်တွေ့အသုံးပြုနေသော ငွေကြေးကိစ္စရပ်များ (ဥပမာ - ဈေးငွေပြန်ဆပ်ခြင်း/ ဖုန်းဘေလ်ဖြည့်ခြင်း) ကို ကိုယ်ပိုင်အကောင့်ကဖြစ်စေ၊ ကိုယ်စားလှယ်ထံကဖြစ်စေ မည်သို့ဆောင်ရွက်ရကြောင်း

### (၃.၁) ဖုန်းထဲက ပိုက်ဆံအိတ်

အရင်က ပိုက်ဆံတွေကို ပိုက်ဆံအိတ်ထဲ၊ အိတ်ကပ်ထဲ၊ ဘီဒို/သေတ္တာထဲသိမ်းကြလေ့ရှိတယ်။ အခုခေတ်ကျတော့ ပိုက်ဆံတွေလဲ လိုင်းပေါ်ရောက်လာကြတယ်။ ဒစ်ဂျစ်တယ်ပိုက်ဆံ တစ်နည်းပြောရရင် ဒစ်ဂျစ်တယ်ငွေကြေးအဖြစ် ပြောင်းလဲသွားတာပေါ့။

- ➢ လိုင်းပေါ်က ဒစ်ဂျစ်တယ်ပိုက်ဆံတွေကလဲ အပြင်က ပိုက်ဆံတွေလိုပဲ ဈေးဝယ်တာတွေ၊ ငွေပေး/ငွေယူလုပ်တာတွေ၊ ဖုန်းဘေလ်ဖြည့်တာတွေ၊ ဈေးငွေပြန်ဆပ်တာတွေလိုမျိုး ငွေရေးကြေးရေးကိစ္စတွေကို လုပ်ဆောင်လို့ရပါတယ်။
- ➢ ရိုးရိုးပိုက်ဆံ အသုံးပြုရတာထက် အားသာချက်တွေလဲ ရှိပါသေးတယ်။

## (၃.၂) မိုဘိုင်းလ်ဝေါလက်ဆိုတာ

မိုဘိုင်းလ်ဆိုတာက ရွှေ့ပြောင်းနိုင်သော တစ်နည်းအားဖြင့် လက်ကိုင်ဖုန်းကိုဆိုလိုတာဖြစ်ပါတယ်။ ဝေါလက်ကတော့ ပိုက်ဆံအိတ်ပါ။ ဒီတော့ မိုဘိုင်းလ်ဝေါလက်ဆိုတာ လက်ကိုင်ဖုန်းထဲက ပိုက်ဆံအိတ်ပေါ့။ အဲ့ဒီ မိုဘိုင်းလ်ဝေါလက်ထဲမှာရှိတဲ့ပိုက်ဆံကတော့ ဒစ်ဂျစ်တယ်ငွေကြေး တစ်နည်းအားဖြင့် ဒစ်ဂျစ်တယ်ပိုက်ဆံ/မိုဘိုင်းလ်မန်းနီး စသဖြင့် အမျိုးမျိုး ခေါ်ဝေါ်ကြပါတယ်။
မြန်မာနိုင်ငံမှာ မိုဘိုင်းလ်ဝေါလက်ပေါင်း ၄၀ ကျော်ရှိပါတယ်။
အသုံးများတဲ့ မိုဘိုင်းလ်ဝေါလက်အချို့က ဝေ့ဗ်ပေး/ ကေပေး/ စီဘီပေး/ ထရူးမန်းနီး/ စီတီဇန်ပေး/ မိုမန်းနီး/ အမ်ပီတီပေး/ အေရာပေးစတာတွေဖြစ်ပါတယ်။
ပိုက်ဆံအိတ်ထဲက ပိုက်ဆံတွေလိုပဲ ဖုန်းထဲမှာရှိတဲ့ ဒစ်ဂျစ်တယ်ပိုက်ဆံတွေကို ဒစ်ဂျစ်တယ်နည်းပညာ (အွန်လိုင်း) သုံးပြီး ငွေပေးငွေယူလို ငွေကြေးကိစ္စများ ဆောင်ရွက်ခြင်းကို **“ဒစ်ဂျစ်တယ်ငွေကြေးလွှဲပြောင်းခြင်း”** လို့ခေါ်ပါတယ်။

အရင်ဆုံး ဖုန်းထဲက ပိုက်ဆံအိတ်ဖြစ်တဲ့ မိုဘိုင်းလ်ဝေါလက်အကြောင်းကို အောက်ပါ ခေါင်းစဉ်တွေနဲ့ လေ့လာကြပါမယ်။

- **မိုဘိုင်းလ်ဝေါလက်သုံးဖို့ ဘာတွေလိုလဲ**
- **မိုဘိုင်းလ်ဝေါလက်ဘာလို့သုံးသင့်လဲ**
- **မိုဘိုင်းလ်ဝေါလက်သုံးရင် ဘာတွေသတိထားရမလဲ**
- **ဘယ်ဖုန်းနံပါတ်တွေနဲ့ မိုဘိုင်းလ်ဝေါလက်အကောင့်ဖွင့်လို့ရလဲ**
- **ဘယ်ဖုန်းအမျိုးအစားတွေမှာ အသုံးပြုလို့ရလဲ**

### မိုဘိုင်းလ်ဝေါလက်သုံးဖို့ ဘာတွေလိုလဲ

- အင်တာနက်
- ဖုန်း/ တက်ဘ်လက်လို ကြားခံ အီလက်ထရောနစ်ပစ္စည်းတစ်ခုခု
- မိုဘိုင်းလ်ဝေါလက်အကောင့် [မိုဘိုင်းလ်ဝေါလက်ဝန်ဆောင်မှုလုပ်ငန်း (ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုပေးသူ)]
- အကောင့်ဖွင့်ရန် ဖုန်းနံပါတ်/ မှတ်ပုံတင်နံပါတ်နှင့် အခြားကိုယ်ရေးအချက်အလက်အချို့
- အကောင့်ထဲက ဒစ်ဂျစ်တယ်ပိုက်ဆံ
- လက်လီဝန်ဆောင်မှုပေးမယ့် ကိုယ်စားလှယ် စတာတွေလိုအပ်ပါတယ်။

### မိုဘိုင်းလ်ဝေါလက်ဘာလို့သုံးသင့်လဲ

မိုဘိုင်းလ်ဝေါလက်ဘာလို့ အသုံးပြုသင့်တယ်ဆိုတာ အဓိကကျတဲ့ အချက်အချို့ကို ကောက်နုတ်ပြောပြသွားပါမယ်။

- မြန်ဆန်တယ်၊ ကုန်ကျစရိတ်သက်သာတယ်၊ လူအင်အားသက်သာတယ်။
- ၂၄ နာရီပတ်လုံး ပိတ်ရက်မရှိ အသုံးပြုနိုင်တယ်။

- မြန်မာဘာသာနဲ့ အသုံးပြုနိုင်တယ်။
- ငွေပမာဏအနည်းငယ်ကစပြီး ငွေပေး/ ငွေယူလုပ်တာတွေ၊ ဖုန်းဘေလ်ဖြည့်တာတွေ၊ ဘေလ်ဆောင်တာတွေကို ငွေသားကိုင်တွယ်ရန်မလိုဘဲ အလွယ်တကူ ဆောင်ရွက်နိုင်တယ်။
- အကောင့်ဖွင့်ဖို့ ဖုန်းနံပါတ်နဲ့ မှတ်ပုံတင်ပဲ လိုအပ်ပြီး ကိုယ်တိုင် အကောင့်ဖွင့်နိုင်တယ်။ (အချို့အကောင့်တွေမှာတော့ မွေးနေ့၊ ဓာတ်ပုံတို့လို ကိုယ်ရေးအချက်အလက်တွေ ထပ်မံလိုအပ်လေ့ရှိတယ်။)
- ငွေသား အသုံးပြုခြင်းထက် ပိုမိုလုံခြုံစိတ်ချရတယ်။
- ငွေသွင်း/ ထုတ်လုပ်ဖို့ရာအတွက် ဘဏ်တွေကို သွားစရာမလိုဘဲ ကိုယ့်ရဲ့ ဘဏ်အကောင့်ကနေ ငွေသွင်းတာ ဒါမှမဟုတ် နီးစပ်ရာ ကိုယ်စားလှယ်ထံမှာ ငွေသွင်း/ ငွေထုတ်လုပ်တာတွေ ဆောင်ရွက်လို့ရတယ်။
- ငွေပေး/ငွေယူကိစ္စရပ်တွေကို ကျူအာကုတ် (QR Code) ကို စကန်ဖတ်လိုက်ရုံနဲ့ အလွယ်တကူ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်တယ်။
- ကိုယ့်ရဲ့ ငွေကြေးကိစ္စရပ်တွေကို ကိုယ့်ဖုန်းထဲမှာပဲ အချိန်မရွေး/ နေရာမရွေး အမှီအခိုကင်းကင်း ကိုယ်ကိုယ်တိုင် စီမံခန့်ခွဲနိုင်တယ်။
- ကိုယ့်ရဲ့ ငွေကြေးစာရင်း/ လက်ကျန်စတာတွေကို ဖုန်းထဲမှာပဲ အချိန်မရွေး အလွယ်တကူ ကိုယ်ကိုယ်တိုင် ကြည့်ရှုစစ်ဆေးနိုင်တယ်။
- ဝန်ဆောင်မှု တူညီတဲ့ မိုဘိုင်းလ်ဝေါလက်အကောင့် အချင်းချင်း အခမဲ့ ငွေလွှဲနိုင်တယ်။

**မိုဘိုင်းလ်ဝေါလက်သုံးရင် ဘာတွေသတိထားရမလဲ**

မိုဘိုင်းလ်ဝေါလက်သုံးတဲ့အခါမှာ သတိထားရမယ့် အဓိကကျတဲ့ အချက်အချို့ကို ကောက်နှုတ်ပြောပြသွားပါမယ်။

- အကောင့်ဖွင့်ထားတဲ့ ဖုန်းနံပါတ်က ကိုယ့်လက်ထဲမှာ အမြဲရှိနေဖို့ အရေးကြီးပြီး သက်ဆိုင်ရာ အော်ပရေတာ ဖုန်းဝန်ဆောင်မှုကုမ္ပဏီမှာ မှတ်ပုံတင်ပြီး ဖြစ်ရမယ်။ (ထိုသို့မဟုတ်ပါက ဖုန်းဆင်းမ်ကတ် ပိတ်သိမ်းခံရနိုင်ပြီး အကောင့်ထဲက ငွေတွေလည်း ဆုံးရှုံးနိုင်တယ်။)
- အကောင့်ဖွင့်ထားတဲ့ ကိုယ်ရေးအချက်အလက်တွေ ဖြစ်တဲ့ မှတ်ပုံတင်နံပါတ်/ မွေးသက္ကရာဇ်စတဲ့ အချက်အလက်တွေ မှန်ကန်အောင် အမြဲသတိထားဖို့လိုအပ်သလို ဖုန်းဆင်းမ်ကတ်ကို မှတ်ပုံတင်ထားတဲ့ ကိုယ်ရေးအချက်အလက်တွေနဲ့လဲ ကိုက်ညီရမယ်။
- အကောင့်လုံခြုံရေးအတွက် ပင်န်နဲ့ အိုတီပီ (PIN/ OTP) နံပါတ်တွေကို လုံခြုံအောင် ထိန်းသိမ်းဖို့လိုအပ်သည့်အပြင် အများသုံး အခမဲ့ ဝိုင်ဖိုင်တွေ၊ VPN တွေနဲ့ အသုံးပြုခြင်းတို့ကို ရှောင်ကျဉ်သင့်တယ်။
- အကောင့်ဖွင့်ထားတဲ့ ဖုန်း/ ဆင်းမ်ကတ် ပျောက်သွားရင် ဝေါလက်ကုမ္ပဏီကို ချက်ချင်း ဖုန်းဆက်အကြောင်းကြားပြီး အကောင့်ကို ယာယီပိတ်ခိုင်းထားပြီး နံပါတ်တူ ဆင်းမ်ကတ် အသစ်ပြန်လျှောက်ရမယ်။
- အကောင့်ရဲ့ လယ်ဗယ်အလိုက် ငွေပေး/ငွေယူရာမှာ တစ်ရက်အတွင်း တစ်ကြိမ်ကို လွှဲနိုင်တဲ့ သတ်မှတ်ထားတဲ့ ငွေပမာဏရှိတယ်။

- နိုင်ငံပြင်ပကို ငွေလွှဲလို့မရသေးဘူး။
- အများအားဖြင့် ဝန်ဆောင်မှု မတူညီတဲ့ ဝေါလက်အချင်းချင်းကြား ငွေလွှဲလို့မရသေးဘူး။ *(မှတ်သားစရာအဖြစ် လက်ရှိအချိန်မှာ စီဘီပေးမှ ဝေ့ဖ်ပေးကို ငွေပေးသွင်းနိုင်ပါတယ်။)*
- ဒစ်ဂျစ်တယ်ငွေကြေးနည်းပညာနဲ့ ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်တွေကို အမြဲ သိထားသင့်သလို ကိုယ်သုံးတဲ့ ဝေါလက်ဝန်ဆောင်မှုကုမ္ပဏီရဲ့ ဆက်သွယ်ရမယ့် ကောစင်တာဖုန်းနံပါတ်/ ဖေ့စ်ဘုတ်ပေ့ချ် အမှန်အကန်တို့ကို သိထားရမယ်။

**ဘယ်ဖုန်းနံပါတ်တွေနဲ့ မိုဘိုင်းလ်ဝေါလက်အကောင့်ဖွင့်လို့ရလဲ**

အခု လက်ရှိမြန်မာနိုင်ငံမှာ အသုံးပြုနေတဲ့ မိုဘိုင်းလ်ဖုန်းအော်ပရေတာ နံပါတ်တွေဖြစ်တဲ့

- အော်ရီဒူး Ooredoo
- အမ်ပီတီ MPT
- အတန် ATOM
- မိုင်တဲလ် MyTel
- MECTEL စတာတွေနဲ့ မှတ်ပုံတင် အကောင့်ဖွင့်လှစ် အသုံးပြုလို့ရပါတယ်။

*(ကေပေး KBZPay ဝန်ဆောင်မှုကတော့ MECTEL ဖုန်းနံပါတ်ဖြင့် မှတ်ပုံတင်၍မရနိုင်ကြောင်း အသိပေးထားပါတယ်။)*

**ဘယ်ဖုန်းအမျိုးအစားတွေမှာ အသုံးပြုလို့ရလဲ**

မိုဘိုင်းလ်ဝေါလက်အများစုက စမတ်ဖုန်း (Smart Phone)တွေဖြစ်တဲ့ အန်းဒရိုက်ဖုန်း (Android Phone)/ အိုင်ဖုန်း (iPhone)တို့မှာ အသုံးပြုလို့ရပါတယ်။
ကိုယ်အသုံးပြုမယ့် ဝေါလက်က ဘယ်ဖုန်းအမျိုးအစားတွေမှာ အသုံးပြုလို့ရတယ်ဆိုတာကို သက်ဆိုင်ရာ ဝေါလက်တွေရဲ့ အမှန်အကန် ဖေ့စ်ဘုတ်ပေ့ချ်တွေ၊ ဝက်ဘ်ဆိုက်တွေမှာ ကြည့်ရှု စစ်ဆေးနိုင်ပါတယ်။ ကောစင်တာ ဖုန်းနံပါတ်တွေကိုလဲ ဆက်သွယ်မေးမြန်းလို့ရပါတယ်။
တချို့ ဝေါလက်တွေရဲ့ ဖေ့စ်ဘုတ်ပေ့ချ်တွေ၊ ဝက်ဘ်ဆိုက်တွေရဲ့ အမေးများတဲ့မေးခွန်းတွေထဲမှာတော့ ဖုန်းရဲ့ မော်ဒယ် ဗားရှင်းဘယ်လောက်ကနေစတင်ပြီး အသုံးပြုလို့ရတယ်ဆိုတာကို ဖော်ပြပေးထားတတ်လေ့ရှိကြပါတယ်။

## (၃.၃) မိုဘိုင်းလ်ဝေါလက်အကောင့်ဖွင့်မယ်

မိုဘိုင်းလ်ဝေါလက်ဆိုတာဘာလဲ၊ ဘာတွေလုပ်လို့ရလဲ၊ အသုံးပြုဖို့ ဘာတွေလိုလဲ၊ ဘယ်လိုဖုန်းတွေနဲ့သုံးလို့ရလဲ စတာတွေတော့ သိပြီ။ လက်တွေ့ စပြီး သုံးကြရအောင်။ အောက်ပါ ခေါင်းစဉ်တွေနဲ့ ဆွေးနွေးသွားပါမယ်။

- **မိုဘိုင်းလ်ဝေါလက် ဒေါင်းလုတ်လုပ်မယ်**
- **အကောင့်ဖွင့်မယ်**
- **ကိုယ့်ရဲ့ မိုဘိုင်းလ်ဝေါလက်**
- **ကိုယ်စားလှယ်နဲ့ မိတ်ဖက်/ကုန်သည်**

**မိုဘိုင်းလ်ဝေါလက် ဒေါင်းလုတ်လုပ်မယ်**

- ကိုယ်အသုံးပြုမယ့် မိုဘိုင်းလ်ဝေါလက်ကို အရင်ဆုံး ဒေါင်းလုတ်လုပ်ရပါမယ်။

- ဂူးဂဲပလေးစတိုး (Goole Play Store) ကနေ ကိုယ်သုံးချင်တဲ့ ဝေါလက်နံမည်ကို ရှာမည် (ဆာ့ချ်ဘား) မှာ ရိုက်ထည့်ပါ။
- ကိုယ်ထည့်သွင်းချင်တဲ့ ဝေါလက်သေချာပြီဆိုပါက ထည့်သွင်းမည်/ အင်စတော (Install) ကိုနှိပ်ပါ။
- ရာခိုင်နှုန်း ၁၀၀ ပြည့်ပြီဆိုပါက ဖုန်းထဲမှာ ဝေါလက်ကို ထည့်သွင်းပြီးပါပြီ။

**အကောင့်ဖွင့်မယ်**

ကိုယ်သုံးချင်တဲ့ မိုဘိုင်းလ်ဝေါလက်ကိုတော့ ဒေါင်းလုတ်လုပ်ပြီးသွားပြီဆိုတော့ အကောင့်ဖွင့်ကြမယ်။ မိုဘိုင်းလ်ဝေါလက်အကောင့်ဖွင့်ရာမှာ အခြေခံ အချက်တွေကတော့ အတူတူပါပဲ။ ***ကိုယ်သုံးမယ့် ဝေါလက်ပေါ်မူတည်ပြီး ဖြည့်စွက်ရတဲ့ အသေးစိတ် အချက်အလက်နဲ့ ဖော်ပြချက်တွေကတော့ ကွဲပြားမှုရှိပါမယ်။*** အဓိက လိုအပ်တာကတော့ အမြဲ အသုံးပြုမယ့် ဖုန်းနံပါတ်၊ မှတ်ပုံတင်နံပါတ်၊ မွေးနေ့ စတာတွေ လိုအပ်ပါတယ်။

- ဝေါလက်ကိုဖွင့်ပါ။
- အသုံးပြုမယ့် ဘာသာစကားရွေးချယ်ပါ။
- ဖုန်းနံပါတ်ဖြည့်ပါ။
- ဖုန်းထဲကိုရောက်လာတဲ့ အိုတီပီ (OTP) ပါတဲ့ မက်ဆေ့ချ်ရောက်လာမယ်။ ကုတ်ကို ဖြည့်လိုက်ပါ။
- မှတ်သားစရာက အိုတီပီဖြည့်ဖို့ သတ်မှတ်ထားတဲ့ အချိန်ကျော်သွားပါက "အသစ်ယူမည်" ကိုနှိပ်ပြီး အသစ်တောင်းပါ။
- သက်ဆိုင်ရာဝေါလက်အလိုက် တောင်းဆိုထားတဲ့ အမည်၊ ဆယ်လ်ဖီဓာတ်ပုံ၊ မှတ်ပုံတင်ရှေ့/နောက်ဓာတ်ပုံ၊ မွေးနေ့ စသည့် တောင်းဆိုထားသော အချက်အလက်တို့ကို ဖြည့်စွက်ပါ။
- ကိုယ်ပိုင် လျှို့ဝှက်နံပါတ် (ပင်န် - PIN) သတ်မှတ်ပါ။
- အကောင့်ဖွင့်လို့ပြီးပါပြီ။

**ကိုယ့်ရဲ့ မိုဘိုင်းလ်အကောင့်**

အကောင့်ဖွင့်ပြီးသွားပြီ။ ကိုယ့် မိုဘိုင်းလ်ဝေါလက်ထဲမှာ ဘာတွေပါလဲ ကြည့်ကြရအောင်။
ကိုယ့်အကောင့်ရဲ့ စီမံခန့်ခွဲပိုင်ခွင့် လုပ်ဆောင်ချက် (မီနူးလို့လဲခေါ်ကြတယ်) တချို့ကို ပြောပြပေးသွားပါမယ်။ ထုံးစံအတိုင်းပဲ ဝေါလက်ပေါ်မူတည်ပြီး အပြောင်းအလဲရှိနိုင်ပါတယ်။
အများအားဖြင့် ပါဝင်ကြတဲ့ လုပ်ဆောင်ချက်တွေက ပင်မစာမျက်နှာ၊ ကိုယ့်ရဲ့ကိုယ်ရေးအချက်အလက်၊ စာအဝင် စတာတွေပါဝင်လေ့ရှိကြပါတယ်။
ပင်မစာမျက်နှာမှာ

- လက်ကျန်ငွေ
- စာရင်းမှတ်တမ်း
- လယ်ဇယ်အဆင့်
- QR ကုတ်/စကန်
- ငွေသွင်း/ငွေထုတ်

- ချေးငွေ/ QuickPay
- ကြော်ငြာများ/ ပရိုမိုးရှင်းများ စသဖြင့် ပါဝင်လေ့ရှိကြပါတယ်။

ပရိုဖိုင် (ကိုယ်ရေးအချက်အလက်) ထဲမှာ အဓိကကတော့ ကိုယ့်ဝေါလက်နဲ့ပတ်သက်ပြီး စီမံခန့်ခွဲနိုင်တဲ့ လုပ်ဆောင်ချက်တွေဖြစ်တဲ့

- ပင်နံပါတ်ပြောင်းတာတွေ
- ဘာသာစကားပြောင်းတာတွေ
- သတ်မှတ်ချက်နဲ့ ဝန်ဆောင်ခတွေ
- အကူအညီရယူရန်တွေ
- ဝေါလက်အသုံးပြုနည်းတွေ
- အကောင့် လော့အောက်ထွက်တာတွေ စသဖြင့် ပါဝင်လေ့ရှိပါတယ်။

စာအဝင် (မက်ဆေ့ချ်) ထဲမှာတော့

- ဝေါလက်နဲ့ပတ်သက်တဲ့ ကြော်ငြာတွေ/ ပရိုမိုးရှင်းတွေ
- ကိုယ့်ရဲ့ ငွေလွှဲမှတ်တမ်းတွေ
- လက်ဆောင်ရရှိတဲ့ ပွိုင့်အမှတ်တွေ စသဖြင့် ပါဝင်လေ့ရှိပါတယ်။

**ကိုယ်စားလှယ်နှင့် မိတ်ဖက် ကုန်သည်**

**ကိုယ်စားလှယ်ဆိုတာ**

- ကိုယ်နဲ့ မိုဘိုင်းလ်ဝေါလက်ဝန်ဆောင်မှု ကုမ္ပဏီကြားမှာ သတ်မှတ်ထားတဲ့ ဝန်ဆောင်ခယူပြီး လက်လီဝန်ဆောင်မှုပေးသူပေါ့။ အေးဂျင့် (agent) လို့လဲခေါ်ပါတယ်။
- ကိုယ့်ရဲ့ ငွေသားကို ဒစ်ဂျစ်တယ်ပိုက်ဆံအဖြစ် ဝေါလက်ထဲ ထည့်ပေးမယ်။
- ကိုယ့်ရဲ့ ဝေါလက်ထဲက ဒစ်ဂျစ်တယ်ပိုက်ဆံကို ငွေသားအဖြစ် ထုတ်ပေးမယ်။
- ကိုယ့်ရဲ့ ငွေသားတွေကို ကိုယ်ငွေလွှဲချင်တဲ့ ဖုန်းနံပါတ်/ ဝေါလက်အကောင့်တွေဆီကို ကိုယ့်ကိုယ်စား ဒစ်ဂျစ်တယ်ပိုက်ဆံတွေအဖြစ် လွှဲပေးမယ်။
- အွန်လိုင်းကနေ ဘေလ်ဆောင်တာမျိုး၊ ချေးငွေပြန်ဆပ်တာမျိုးလို ဒစ်ဂျစ်တယ်ငွေကြေးကိစ္စတွေကို ကိုယ့် ကိုယ်စား ဝန်ဆောင်ခယူပြီး ဆောင်ရွက်ပေးမယ်။

**ကိုယ်စားလှယ်ကို ဘယ်လိုရှာမလဲ**

- ကိုယ်သုံးနေတဲ့ ဝေါလက်အပလီကေးရှင်းထဲကနေ ကိုယ့်အနီးအနားမှာရှိတဲ့ ကိုယ်စားလှယ်ဆိုင်တွေကို ရှာဖွေလို့ရပါသေးတယ်။ ( ကိုယ့်ဖုန်းရဲ့ တည်နေရာကိုဖွင့်ပြီး "နီးစပ်ရာရှာဖွေရန်"/ "Wave ဆိုင်များ" စသဖြင့် လုပ်ဆောင်ချက် (မီနူး) တွေကို နှိပ်ပြီး ရှာဖွေနိုင်ပါတယ်။ မီနူး အခေါ်အဝေါ်၊ အထားအသိုတွေကတော့ ကိုယ်အသုံးပြုတဲ့ ဝေါလက်ပေါ်မူတည်ပြီး ကွဲပြားသွားနိုင်ပါတယ်။)
- ကိုယ်နေထိုင်ရာ အနီးအနားတစ်ဝိုက်မှာ ကိုယ်အသုံးပြုနေတဲ့ မိုဘိုင်းလ်ဝေါလက်ရဲ့ လိုဂို အမှတ်တံဆိပ်ဆိုင်းဘုတ်လေးတွေ တွေ့ဖူးကြမှာပါ။ အများအားဖြင့် ကုန်စုံဆိုင်တွေမှာ၊ ဖုန်းဆိုင်တွေမှာ ရှိတတ်ကြပါတယ်။ အဲ့ဒါ ကိုယ်စားလှယ်ပေါ့။

**ကုန်သည်/ မိတ်ဖက်ဆိုတာ**

- တစ်ချို့ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေမှာ ကျူအာကုတ်လေးတွေ တွေ့ဖူးပါလိမ့်မယ်။ ကျသင့်တဲ့ငွေပမာဏကို အဲ့ဒီ ကျူအာကုတ်ကို စကန်ဖတ်ပြီးရှင်းလိုက်ရုံပါပဲ။ အဲ့လို ဆိုင်မျိုးတွေဟာ ကုန်သည်ပါပဲ။
- တစ်ချို့ အမ်အက်ဖ်အိုင် (MFI) တွေကလဲ ဝေါလက်တွေကတဆင့် ချေးငွေပြန်ဆပ်နိုင်အောင် မိတ်ဖက်ကုန်သည်တွေအဖြစ် ချိတ်ဆက်ထားကြသလို တချို့ ဝန်ဆောင်မှုလုပ်ငန်းတွေကလဲ ဘေလ်ပေးဆောင်မှုကို ဝေါလက်တွေကတဆင့် ပေးချေနိုင်အောင် မိတ်ဖက်ကုန်သည်တွေအဖြစ် ချိတ်ဆက်ထားကြပါတယ်။

## (၃.၄) ဝေါလက်ထဲက ဒစ်ဂျစ်တယ်ပိုက်ဆံ

မိုဘိုင်းလ်ဝေါလက်အကောင့်ဖွင့်ပြီးသွားပြီ။ ငွေရေးကြေးရေးကိစ္စတွေကို လိုင်းပေါ်ကနေ တစ်နည်းပြောရရင် ဒစ်ဂျစ်တယ်လမ်းကြောင်းပေါ်ကနေ ဆောင်ရွက်ဖို့ ပိုက်ဆံရှိမှရမယ်လေ။ ဒီတော့ ဝေါလက်ထဲကို ပိုက်ဆံဘယ်လိုထည့်မလဲ၊ ဘယ်လိုထုတ်မလဲ လေ့လာကြရပါမယ်။

### ပိုက်ဆံထည့်မယ်

မိုဘိုင်းလ်ဝေါလက်ထဲ ပိုက်ဆံထည့်နည်း (၃) နည်းရှိပါတယ်။
(၁) MPU ကတ် (အေတီအမ်ကတ်) ထဲကထည့်မယ်။
(၂) ဘဏ်အကောင့်ထဲက ထည့်မယ်။
(၃) ကိုယ်စားလှယ်ဆီမှာ ထည့်မယ်။

(၁) MPU ကတ် (အေတီအမ်ကတ်) ထဲကထည့်မယ်။
(၂) ဘဏ်အကောင့်ထဲက ထည့်မယ်။
တချို့ မိုဘိုင်းလ်ဝေါလက်တွေက ဘဏ်တွေက ဝန်ဆောင်မှုပေးနေတာဖြစ်တယ်။ ဥပမာ - ကေပေး (KBZPay), ဧရာပေး (AYA Pay), စီဘီပေး (CB Pay)
ဒီလို ဘဏ်တွေက ဝန်ဆောင်မှုပေးနေတဲ့ မိုဘိုင်းလ်ဝေါလက်တွေမှာ သက်ဆိုင်ရာ ဘဏ်ရဲ့ အေတီအမ်ကတ်အကောင့်၊ ဘဏ်အကောင့်တွေနဲ့ ချိတ်ဆက်ထားလို့ရပါတယ်။
အဲ့ဒီချိတ်ဆက်ထားတဲ့ အေတီအမ်ကတ်တွေ၊ ဘဏ်အကောင့်တွေကနေ မိုဘိုင်းလ်ဝေါလက်အကောင့်ထဲကို ငွေထည့်လို့ရပါတယ်။ (Cash In လုပ်လို့ရပါတယ်။)
အခြားဥပမာတွေကတော့ - ဝေ့ဖ်ပေးအကောင့်မှာ စီဘီဘဏ်အကောင့်၊ ရိုးမဘဏ်ရဲ့ ဖလက်ဆီအဲဗရီးဒေးအကောင့် စတာတွေကနေ ငွေထည့်လို့ရပါတယ်။
မှတ်သားစရာတစ်ခုက ဝေ့ဖ်ပေးအကောင့်ထဲကို စီဘီပေးအကောင့်ကနေလဲ ငွေထည့်လို့ရတာပါပဲ။ ဝန်ဆောင်မှုမတူညီတဲ့ ဝေါလက်အချင်းချင်းကြား အပြန်အလှန်ငွေလွှဲလို့ရတာပါ။
*ရရှိနိုင်တဲ့ အသေးစိတ် ဝန်ဆောင်မှု အချက်အလက်တွေကတော့ ကိုယ်အသုံးပြုတဲ့ မိုဘိုင်းလ်ဝေါလက်ပေါ်မူတည်ပြီး ပြောင်းလဲမှုများရှိနိုင်ပါတယ်။*

(၃) ကိုယ်စားလှယ်ဆီမှာ ထည့်မယ်။

- နီးစပ်ရာ မိုဘိုင်းလ်ဝေါလက် ကိုယ်စားလှယ်ဆီကိုသွားပါ။

- အကောင့်ဖွင့်ထားတဲ့ ဖုန်းနံပါတ်ကို ပြောပါ။ (သို့) ကိုယ့်အကောင့်ရဲ့ ကျူအာကုတ်ကို ပြပါ။
- ဖြည့်သွင်းချင်သည့် ငွေပမာဏကို ပေးပါ။ (များသောအားဖြင့် ဝန်ဆောင်ခ ပေးရန် မလိုပါ။)
- ဖြည့်ပြီးပါက ပင်မစာမျက်နှာတွင် လက်ကျန်ငွေကို စစ်ဆေးပါ။

***တချို့ ဝေါလက်ဝန်ဆောင်မှုတွေမှာတော့ သက်ဆိုင်ရာ ဝန်ဆောင်မှုစင်တာတွေရှိပြီး အဲ့ဒီ ဝန်ဆောင်မှု စင်တာတွေမှာ ငွေလွှဲတာ၊ ငွေထုတ်တာ၊ ငွေဖြည့်သွင်းတာတွေ လုပ်နိုင်ပါတယ်။***

**ပိုက်ဆံထုတ်မယ်**

**မိုဘိုင်းလ်ဝေါလက်အကောင့်မှ ငွေထုတ်ခြင်း**

- နီးစပ်ရာ ကိုယ်စားလှယ်ဆိုင်ကို သွားပါ။
- မိမိ မိုဘိုင်းလ်ဝေါလက်အကောင့်မှ ငွေထုတ်လိုကြောင်းပြောပါ။
- ထုတ်ယူလိုသော ပမာဏကို ကိုယ်စားလှယ်ဆိုင်၏ အကောင့်သို့ လွှဲပြောင်းပေးပါ။ ကျူအာကုတ်ကို စကန်ဖတ်ပြီးလည်း ငွေလွှဲပြောင်းပေးနိုင်ပါတယ်။
- ကိုယ်စားလှယ်ဆိုင်မှ ငွေသား ထုတ်ပေးပါမည်။ (ငွေထုတ်ယူသည့် ပမာဏပေါ်မူတည်ပြီး ကိုယ်စားလှယ်အား ဝန်ဆောင်ခပေးဆောင်ရန် လိုအပ်ပါသည်။ (ဝန်ဆောင်ခကတော့ ကိုယ်စားလှယ်ဆိုင်ပေါ်မူတည်ပြီး ကွာခြားမှု ရှိနိုင်ပါသည်။ )
- ငွေထုတ်ဝန်ဆောင်ခ သတ်မှတ်ချက်များကို သက်ဆိုင်ရာ ဝေါလက်အပလီကေးရှင်းတွေထဲမှာ စစ်ဆေးကြည့်ရှုနိုင်ပါတယ်။

**မိုဘိုင်းလ်ဖုန်းမှ ငွေထုတ်ခြင်း**

- နီးစပ်ရာ မိုဘိုင်းလ်ဝေါလက် ကိုယ်စားလှယ်ဆီကိုသွားပါ။
- ဖုန်းထဲမှ ငွေလွှဲထားသော လုပ်ငန်းစဉ်နံပါတ်နဲ့ ငွေလွှဲသူထံမှ ပေးပို့ထားတဲ့
- စကားဝှက် (၆) လုံးတို့ကို ပြ၍ ငွေထုတ်ယူနိုင်ပါသည်။
- ငွေထုတ်ယူသည့် ပမာဏပေါ်မူတည်ပြီး ကိုယ်စားလှယ်အား ဝန်ဆောင်ခပေးဆောင်ရန်
- လိုအပ်ပါသည်။ ဝန်ဆောင်ခကတော့ ကိုယ်စားလှယ်ပေါ်မူတည်ပြီး ကွာခြားမှု ရှိနိုင်ပါသည်။

## (၃.၅) လက်တွေ့အသုံးချ ဒစ်ဂျစ်တယ်ငွေကြေးကိစ္စ

ဝေါလက်နဲ့ပတ်သက်လို့ ဆောင်ရန်/ရှောင်ရန်တွေလဲ သိပြီ၊ အကောင့်လဲ ဖွင့်ပြီးပြီ၊ ဒစ်ဂျစ်တယ်ပိုက်ဆံလဲရှိပြီ၊ လက်တွေ့ ငွေကြေးကိစ္စတွေမှာ အသုံးပြုပုံကို ကြည့်ကြပါမယ်။

*မှတ်ချက်။ ။ ငွေကြေးကိစ္စတွေဆောင်ရွက်ရာမှာ ငွေသားကို သေချာရေတွက်ဖို့လိုအပ်သလိုပဲ အွန်လိုင်းကနေတစ်ဆင့် ဒစ်ဂျစ်တယ်ငွေကြေးကိစ္စတွေ ဆောင်ရွက်ရာမှာလည်း ငွေကြေးပမာဏ၊ ဖုန်းနံပါတ်နဲ့ အခြားသော ဖြည့်စွက်ရတဲ့ အချက်အလက်တွေကို သေချာစစ်ဆေးဖို့ အရေးကြီးပါတယ်။*

**ဖုန်းဘေလ်ဖြည့်မယ်**

- ဖုန်းဘေလ်ဖြည့် ကို နှိပ်ပါ။
- ဖုန်းနံပါတ်ရိုက်ထည့်ပါ။

- ငွေပမာဏရွေးချယ်ပါ။ *(၁၀၀၀ ကျပ်မှ ၃၀,၀၀၀ ကျပ်အထိ ဘေလ် ဖြည့်သွင်းနိုင်ပါတယ်။ ဝေါလက်တချို့မှာ ဖုန်းဘေလ်တင်သာမက ဒေတာ၊ ပက်ကေ့ချ်များပါ ဝယ်ယူနိုင်တဲ့ ဝန်ဆောင်မှု ပါဝင်ပါတယ်။)*
- တချို့ဝေါလက်က သေချာပါသည်ကို နှိပ်ရမယ်။ တချို့က လျှို့ဝှက်နံပါတ် (ပင်န် PIN) ကို ဖြည့်ပေးရမယ်။
- လုပ်ဆောင်မှုအောင်မြင်ကြောင်း မက်ဆေ့ချ်ကိုမြင်တွေ့ရပြီး ဖုန်းဘေလ်ဖြည့်သွင်းပြီးသွားပါပြီ။
- ငွေဖြည့်သွင်းပြီးကြောင်း ကိုယ် ဖုန်းဘေလ်ဖြည့်လိုက်တဲ့ ဖုန်းကို မက်ဆေ့ချ်ရောက်လာပါမယ်။

**ငွေလွှဲမယ်**

**မိုဘိုင်းလ်ဝေါလက်အကောင့်ကနေငွေလွှဲမယ်**

**ကိုယ့်ရဲ့ ဝေါလက်အကောင့်ကနေ အကောင့်ကိုဖြစ်ဖြစ်၊ ဖုန်းနံပါတ်ကိုဖြစ်ဖြစ် ငွေလွှဲလို့ရတယ်။**

- **အကောင့်အချင်းချင်းလွှဲမယ်။ (Wallet to Wallet)**

ဝေါလက်အကောင့်အချင်းချင်းလွှဲတာကိုတော့ ဝေါလက်တူဝေါလက် (Wallet to Wallet) လို့ခေါ်ပါတယ်။

ငွေလွှဲမည့်သူ၏ ဖုန်းနံပါတ်နှင့် အကောင့်ဖွင့်ထားသည့် နာမည်ကို မေးပါ။ (သို့မဟုတ်) QR Code ကို စကန်ဖတ်၍လည်း ငွေလွှဲနိုင်ပါတယ်။

- "ငွေလွှဲ" ကို နှိပ်ပါ။
- လက်ခံမည့်သူ၏ ဖုန်းနံပါတ်ကို ရိုက်ထည့်ပါ။
- လက်ခံမည့်သူ၏ အကောင့်နာမည်မှန်/မမှန် စစ်ဆေးပါ။
- ငွေပမာဏ နှင့် ပင်န် (PIN) နံပါတ်ကို ရိုက်ထည့်ကာ ငွေလွှဲနိုင်ပါပြီ။

- **ဖုန်းနံပါတ်ကိုလွှဲမယ်။**

ဒီတစ်ခါတော့ ကိုယ့်အကောင့်ကနေ ဖုန်းနံပါတ်ကို ဘယ်လိုလွှဲလဲကြည့်ကြမယ်။

**ငွေလွှဲသူ**

- ငွေလွှဲမယ့် ဖုန်းနံပါတ်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ငွေထုတ်ရန် စကားဝှက် ခြောက်လုံးစသည်တို့ကို ဖြည့်စွက်ပါ။ (ဝေါလက်ဝန်ဆောင်မှုပေါ်မူတည်ပြီး ဖြည့်စွက်ရမယ့် အချက်အလက်ကွဲပြားသွားပါမယ်။)
- ငွေလွှဲခပေးရန်လိုအပ်ပြီး ကျသင့်တဲ့ငွေလွှဲခကို တခါတည်း နှုတ်ယူမှာပါ။ *(သက်ဆိုင်ရာဝေါလက် ဝန်ဆောင်မှုလုပ်ငန်းများက လွှဲငွေ ပမာဏအလိုက် ဝန်ဆောင်ခ သတ်မှတ်ထားကြပြီး ဝေါလက်အပလီကေးရှင်းတွေမှာ ကြည့်ရှု စစ်ဆေးနိုင်ပါတယ်။)*
- လိုအပ်သော အချက်အလက်များ ဖြည့်စွက်ပြီးပါက PIN နံပါတ် ဖြည့်ရပါမယ်။ အချို့ဝေါလက်များမှာ အိုတီပီ (OTP) ကိုပါဖြည့်စွက်ရန်လိုအပ်ပါတယ်။
- ငွေလက်ခံသူက ငွေထုတ်ပြီးပါက ငွေလွှဲသူထံ ငွေထုတ်ပြီးစီးကြောင်း ဖုန်းမက်ဆေ့ချ် ရောက်လာပါမယ်။

**ငွေလက်ခံသူ**

- ငွေလက်ခံမယ့်သူရဲ့ ဖုန်းကို ငွေလွှဲလိုက်ကြောင်း လုပ်ငန်းစဉ်နံပါတ်နှင့်တကွ ဖုန်းမက်ဆေ့ချ်ရောက်မယ်။
- ငွေလက်ခံသူ ဖုန်းနံပါတ်ပိုင်ရှင်က ကိုယ်စားလှယ်ဆီမှာ ဖုန်းနံပါတ်၊ လုပ်ငန်းစဉ်နံပါတ်၊ (မှတ်ပုံတင်) တို့ဖြင့် ငွေလွှဲသူက တိုက်ရိုက်အကြောင်းကြားထားသည့် စကားဝှက်ခြောက်လုံးပြောပြီး ငွေထုတ်နိုင်ပါမယ်။
- ကိုယ်စားလှယ်ကို ငွေထုတ် ဝန်ဆောင်ခပေးရန် လိုအပ်ပါမယ်။ *(မြေပြင်အခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲများ ရှိနိုင်ပါတယ်။)*

**အကောင့်မရှိရင် ငွေလွှဲလို့ မရတော့ဘူးလား**

ကိုယ့်မှာ ဝေါလက်အကောင့်မရှိရင် ဒစ်ဂျစ်တယ်လမ်းကြောင်းအသုံးပြုပြီး ငွေလွှဲတာ လုပ်လို့မရတော့ဘူးလား။ မဟုတ်ပါဘူးနော်။ ကိုယ်စားလှယ်ဆီကတစ်ဆင့် ဆောင်ရွက်နိုင်ပါတယ်။ ကိုယ်စားလှယ်ကတစ်ဆင့် ငွေကြေးကိစ္စတွေဆောင်ရွက်တာကို အိုတီစီ (OTC – Over theCounter) လို့ ခေါ်ပါတယ်။

**ငွေလွှဲသူ → ကိုယ်စားလှယ် → ဖုန်းနံပါတ်/ ဝေါလက်အကောင့် (OTC = Over The Counter)**

ဒီနည်းလမ်းအတိုင်း ဝေါလက်အကောင့်ကို ဖြစ်စေ ဖုန်းနံပါတ်ကိုဖြစ်စေ ကိုယ်စားလှယ်ကတစ်ဆင့် ငွေလွှဲနိုင်ပါတယ်။

- ကိုယ်စားလှယ်ဆီသွားမယ်။
- လွှဲမယ့် ငွေပမာဏ၊ ကျသင့်မယ့် ငွေလွှဲဝန်ဆောင်ခနဲ့အတူ ကိုယ့်ရဲ့ဖုန်းနံပါတ်၊ ငွေလက်ခံမယ့်သူရဲ့ ဖုန်းနံပါတ် (ဒါမှမဟုတ်) ဝေါလက်အကောင့်ရဲ့ ဖုန်းနံပါတ်တို့ကို ကိုယ်စားလှယ်ဆီပြောမယ်။ (မြေပြင်အခြေအနေအရ ငွေလွှဲမယ့်သူရဲ့ မှတ်ပုံတင်လဲ လိုအပ်တတ်ပါတယ်။)
- တစ်ကယ်လို့ ဖုန်းနံပါတ်ကိုလွှဲမယ်ဆိုရင်တော့ ငွေထုတ်ရန် စကားဝှက်ခြောက်လုံးကို သတ်မှတ်ပေးရန် လိုအပ်ပါတယ်။ (*ဝေါလက်အကောင့်ကိုလွှဲရင်တော့ စကားဝှက်မလိုအပ်ပါ။ ငွေလွှဲပြီးချိန်မှာ စကားဝှက်ကို ငွေလက်ခံမယ့်သူကို တိုက်ရိုက် အသိပေး အကြောင်းကြားရပါမယ်။)*
- ကိုယ်စားလှယ်က ငွေလွှဲပြီးပါက မိမိထံ ငွေလွှဲပြီးကြောင်း ဖုန်းမက်ဆေ့ချ်ရောက်လာပါမယ်။
- ငွေလက်ခံမယ့်သူရဲ့ ဖုန်းကို ငွေလွှဲလိုက်ကြောင်း လုပ်ငန်းစဉ်နံပါတ်နှင့်တကွ ဖုန်းမက်ဆေ့ချ်ရောက်မယ်။
- ငွေလက်ခံသူ ဖုန်းနံပါတ်ပိုင်ရှင်က ကိုယ်စားလှယ်ဆီမှာ ဖုန်းနံပါတ်၊ လုပ်ငန်းစဉ်နံပါတ်၊ (မှတ်ပုံတင်) တို့ဖြင့် စကားဝှက်ခြောက်လုံးပြောပြီး ငွေထုတ်ရပါမယ်။
- ငွေလက်ခံသူက လွှဲငွေကို ထုတ်ယူပြီးပါက ငွေထုတ်ပြီးကြောင်း ငွေလွှဲသူထံ ဖုန်းမက်ဆေ့ချ်ရောက်လာပါမယ်။

## (၃.၆) ချေးငွေပြန်ဆပ်မယ်

သက်ဆိုင်ရာ ဝေါလက်အမျိုးအစားပေါ်မူတည်ပြီး အသေးစိတ် အချက်အလက်တွေ ကွဲပြားသွားမှာပါ။ ဘေလ်ပေးဆောင်တာ၊ ဝန်ဆောင်ခပေးသွင်းတာတွေနဲ့ အခြေခံကတော့ အတူတူပဲဖြစ်ပါတယ်။ မိုဘိုင်းလ်ဝေါလက်အကောင့်ကနေ (ဒါမှမဟုတ်) ကိုယ်စားလှယ်ကတစ်ဆင့် ချေးငွေပြန်ဆပ်လို့ရပါတယ်။

**မိုဘိုင်းလ်ဝေါလက်အကောင့်ကနေချေးငွေပြန်ဆပ်မယ်**

- ဝန်ဆောင်ခပေးသွင်းမယ့် လုပ်ငန်း၊ ချေးငွေပြန်ဆပ်မယ့် အဖွဲ့အစည်း (ဥပမာ - MFI) စတာတွေက ကိုယ်အသုံးပြုနေတဲ့ ဝေါလက်နဲ့ ချိတ်ဆက်ထားပြီးဖြစ်ရပါမယ်။
- သက်ဆိုင်ရာဝေါလက်အလိုက် “ချေးငွေ” (ဒါမှမဟုတ်) “QuickPay ထဲက ငွေကြေးနှင့်ဆိုင်သော လုပ်ငန်းများ” စတဲ့ လုပ်ဆောင်ချက်တွေထဲက တဆင့် ငွေပေးသွင်းလိုတဲ့ အဖွဲ့အစည်းအမည်ကို ရွေးပါ။
- အဖွဲ့စာရင်းနံပါတ်၊ အသင်းသားအမှတ်၊ ငွေပမာဏ၊ ဖုန်းနံပါတ်စသဖြင့် အနီရောင်ကြယ်ပြထားတဲ့ နေရာတွေကို မဖြစ်မနေ ဖြည့်စွက်ပြီး  “တင်သွင်းမည်”/ “သေချာပါသည်” စသဖြင့် သက်ဆိုင်ရာဝေါလက်အလိုက် ပေးထားချက်ကို နှိပ်လိုက်ပါ။
- အခြားသော ငွေလွှဲတဲ့ လုပ်ငန်းစဉ်တွေလိုပဲ ဝေါလက်ဝန်ဆောင်မှုပေါ်မူတည်ပြီး ပင်နံပါတ်၊ အိုတီပီတို့ ထည့်ရပါမယ်။
- ငွေပေးသွင်းခြင်းအောင်မြင်ကြောင်း မြင်တွေ့ရပါမယ်။
- ဝေါလက်ထဲက ငွေလျော့သွားပါမယ်။
- ချေးငွေပြန်ဆပ်ခြင်း ပြီးဆုံးပါပြီ။

**ကိုယ်စားလှယ်ကနေတစ်ဆင့် ချေးငွေပြန်ဆပ်မယ်**

ကိုယ့်မှာ ဝေါလက်အကောင့်မရှိဘူး။ ဒါပေမယ့် ကိုယ်စားလှယ်ကတစ်ဆင့် ချေးငွေပြန်ဆပ်နိုင်ပါတယ်။ ကိုယ်ချေးငွေဆပ်မယ့် အဖွဲ့အစည်းနဲ့  ချိတ်ဆက်ထားတဲ့ ဝေါလက်ရဲ့ ကိုယ်စားလှယ်တော့ ဖြစ်ရပါမယ်။

- ချေးငွေဆပ်မယ့်အဖွဲ့အစည်းရဲ့ အမည်
- ပြန်လည်ပေးဆပ်ရမယ့်ချေးငွေပမာဏနဲ့ ငွေလွှဲဝန်ဆောင်ခ
- ဖြည့်စွက်ရမယ့် ကိုယ်ရေးအချက်အလက် စတာတွေကို ကိုယ်စားလှယ်ကို ပေးလိုက်ရုံပါပဲ။
- ကိုယ်စားလှယ်က ကိုယ့် ကိုယ်စား ချေးငွေဆပ်ပေးလိုက်မှာပါ။

*ကိုယ့်မှာ ဝေါလက်အကောင့်မရှိပေမယ့် ကိုယ်စားလှယ်ကတစ်ဆင့် အွန်လိုင်းကနေ ချေးငွေပြန်ဆပ်လိုက်ခြင်းအားဖြင့် အဖွဲ့အစည်းရဲ့ ရုံးအထိ သွားစရာ မလိုတာကြောင့် လူသက်သာတယ်၊ ခရီးစရိတ်သက်သာတယ်၊ အချိန်ကုန်သက်သာတယ်၊ မြန်ဆန်တယ် စတဲ့ အားသာချက်တွေရနိုင်ပါတယ်။*

## (၃.၇) ကေဝိုင်စီ (KYC)

ကိုယ့်ဖုန်းထဲမှာ ဒစ်ဂျစ်တယ်ပိုက်ဆံအိတ်လဲရှိပြီ။ ပိုက်ဆံအိတ်ထဲမှာ ဒစ်ဂျစ်တယ်ပိုက်ဆံလဲရှိပြီ။ ငွေပေး/ငွေယူတွေလဲ လုပ်နေပြီ။

အရေးတကြီး သိထားမယ့်အချက်တစ်ခုရှိပါသေးတယ်။

***အဲဒါကတော့ ကိုယ့်ရဲ့ အကောင့်ကနေ တစ်နေ့ကို တစ်ကြိမ်ကို ပိုက်ဆံဘယ်လောက် လက်ခံနိုင်လဲ/ ဘယ်လောက် လွှဲနိုင်သလဲဆိုတာပါပဲ။***

**ငွေပေး/ ငွေယူလုပ်နိုင်တဲ့ ငွေပမာဏသတ်မှတ်ချက်က သက်ဆိုင်ရာ ဝန်ဆောင်မှုရဲ့ ကေဝိုင်စီလယ်ဗယ်နဲ့ တိုက်ရိုက်အချိုးကျပါတယ်။**

**KYC = Know Your Customer = ကာစတန်မာကို ပိုမို သိရှိခြင်း**

ငွေကြေးဝန်ဆောင်မှုပေးသူက ကိုယ့် ကာစတန်မာရဲ့ အချက်အလက်တွေကို ပိုသိရလေ ဝန်ဆောင်မှုအခွင့်အရေးပိုရလေပေါ့။

- မိုဘိုင်းလ်ဝေါလက်တွေမှာတော့ ကေဝိုင်စီလယ်ဗယ်(အကောင့်လယ်ဗယ်) မြင့်လေ ငွေပေး/ငွေယူလုပ်နိုင်တဲ့ပမာဏ ပိုများများရလေဖြစ်ပါတယ်။
- လယ်ဗယ်မြှင့်တယ်ဆိုတာ ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေကို ပိုပြီး ပြည့်ပြည့်စုံစုံ ဖြည့်စွက်ရတာပါ။ ဒါကြောင့် ကေဝိုင်စီ (KYC) လို့လဲ သုံးနှုန်းကြတာဖြစ်ပါတယ်။
- ကိုယ့်အကောင့်ရဲ့ လယ်ဗယ်ကို ပရိုဖိုင်ထဲမှာ ဖော်ပြထားလေ့ရှိပါတယ်။
- တချို့ မိုဘိုင်းလ်ဝေါလက်တွေမှာတော့ ကာစတန်မာကိုယ်တိုင်က လယ်ဗယ်မြှင့်လို့ရပေမယ့် တချို့ကတော့ ဝန်ဆောင်မှုစင်တာကိုသွားဖို့လိုအပ်ပါတယ်။
- လယ်ဗယ်အလိုက် ငွေပေး/ငွေယူလုပ်နိုင်တဲ့ ပမာဏကို သက်ဆိုင်ရာ ဝေါလက်တွေရဲ့ အပလီကေးရှင်းတွေထဲမှာ၊ ဝက်ဘ်ဆိုက်တွေထဲမှာ ကြည့်ရှုစစ်ဆေးနိုင်သလို ကောစင်တာတွေကိုလဲ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

မှတ်ချက်။ ။ အခုအချိန်မှာ KYC လယ်ဗယ်မြှင့်ပေးမယ်ဆိုပြီး ကိုယ့်ရဲ့ အချက်အလက်တွေကို ခိုးယူတဲ့ အလိမ်အညာပေ့ချ်တွေ ရှိနေတတ်သလို ဖုန်း၊ ဖုန်းမက်ဆေ့ချ်၊ ဗိုင်ဘာ၊ မက်ဆင်ဂျာတွေကနေတစ်ဆင့် ဆက်သွယ်ပြီး ကိုယ်ရေးအချက်အလက်တွေ၊ ပင်နံပါတ် လိမ်ညာ တောင်းတာတွေလည်း ရှိနေပါတယ်။ ဒါကြောင့် ကိုယ် အသုံးပြုနေတဲ့ မိုဘိုင်းလ်ဝေါလက်က ကိုယ်တိုင် လယ်ဗယ်မြှင့်လို့ရသလား၊ သက်ဆိုင်ရာ ဝေါလက်စင်တာတွေ၊ ဘဏ်တွေမှာပဲ လယ်ဗယ်မြှင့်လို့ရသလားဆိုတာ ကိုယ် ကိုယ်တိုင် ကွဲကွဲပြားပြားသိထားရပါမယ်။ လယ်ဗယ်မြှင့်ပေးမယ်ဆိုတဲ့ အွန်လိုင်းမှာတွေ့သမျှပေ့ချ်တွေ၊ ဖုန်းဆက်လာတာတွေ၊ မက်ဆေ့ချ်တွေတိုင်းကို အလွယ်တကူ မယုံကြည်သင့်ပါဘူး။

## လေ့ကျင့်ခန်း

**၁။ မိုဘိုင်းလ်ဝေါလက်သုံးဖို့ လိုအပ်တာက**

- ❑ အင်တာနက်
- ❑ ကိုယ့်ဆီမှာအမြဲရှိမယ့် ဖုန်းနံပါတ်
- ❑ ကိုယ်စားလှယ်
- ❑ အထက်ပါအချက်အားလုံး။

**၂။ ငွေလွှဲဝန်ဆောင်ခတွေကို မိုဘိုင်းလ်ဝေါလက်ထဲမှာ ကြည့်လို့ရတယ်။ (မှန်/မှား)**

**၃။ မိုဘိုင်းလ်ဝေါလက်အကောင့်မရှိလဲ ချေးငွေကို အွန်လိုင်းက ပြန်ဆပ်လို့ရတယ်။ (မှန်/မှား)**

**၄။ ကိုယ့် ဖုန်းနံပါတ်ကိုလွှဲလိုက်တဲ့ ငွေကို ထုတ်ဖို့ စကားဝှက်က အရေးကြီးတယ်။ (မှန်/မှား)**

**၅။ မိုဘိုင်းလ်ဝေါလက်ထဲကို ပိုက်ဆံထည့်ဖို့ရာ**

- ❑ ဘဏ်အကောင့်ကထည့်မယ်။
- ❑ ကိုယ်စားလှယ်ဆီကထည့်မယ်။
- ❑ (၂) နေရာလုံးကထည့်လို့ရတယ်။

## လေ့ကျင့်ခန်း အဖြေနှင့် ရှင်းလင်းချက်များ

**၁။ မိုဘိုင်းလ်ဝေါလက်သုံးဖို့ လိုအပ်တာက**

အဖြေ။ ။ အထက်ပါအချက်အားလုံး။

ရှင်းလင်းချက်။ ။ မိုဘိုင်းလ်ဝေါလက်အသုံးပြုရန် အင်တာနက်၊ ဖုန်း၊ ကိုယ့်ဆီမှာ အမြဲရှိမယ့်ဖုန်းနံပါတ်နဲ့ ငွေသွင်းငွေထုတ်လုပ်နိုင်ဖို့ ကိုယ်စားလှယ် စသည်တို့လိုအပ်ပါတယ်။

**၂။ ငွေလွှဲဝန်ဆောင်ခတွေကို မိုဘိုင်းလ်ဝေါလက်ထဲမှာ ကြည့်လို့ရတယ်။**

အဖြေ။ ။ မှန်

ရှင်းလင်းချက်။ ။ သက်ဆိုင်ရာ ငွေလွှဲဝန်ဆောင်ခတွေကို မိုဘိုင်းလ်ဝေါလက်ရဲ့ "ပရိုဖိုင် (ကိုယ်ရေးအချက်အလက်)" ထဲမှာ ကြည့်ရှုနိုင်ပါတယ်။

**၃။ မိုဘိုင်းလ်ဝေါလက်အကောင့်မရှိလဲ ချေးငွေကို အွန်လိုင်းက ပြန်ဆပ်လို့ရတယ်။**

အဖြေ။ ။ မှန်

ရှင်းလင်းချက်။ ။ လိုအပ်တဲ့ချေးငွေဆိုင်ရာ အချက်အလက် နဲ့ ပြန်လည်ပေးဆပ်ရမယ့် ချေးငွေနဲ့ အတိုး၊ ဝန်ဆောင်ခ စတာတွေကို ပေးပြီး ကိုယ်စားလှယ်ကတစ်ဆင့် ချေးငွေပြန်ဆပ်နိုင်ပါတယ်။

**၄။ ကိုယ့် ဖုန်းနံပါတ်ကိုလွှဲလိုက်တဲ့ ငွေကို ထုတ်ဖို့ စကားဝှက်က အရေးကြီးတယ်။**

အဖြေ။ ။ မှန်

ရှင်းလင်းချက်။

။ ကိုယ့်ဖုန်းကိုလွှဲလိုက်တဲ့ ငွေကို ကိုယ်စားလှယ်ဆီက ထုတ်ဖို့ စကားဝှက်က အရေးကြီးပါတယ်။

**၅။ မိုဘိုင်းလ်ဝေါလက်ထဲကို ပိုက်ဆံထည့်ဖို့ရာ**

အဖြေ။ ။ (၂) နေရာလုံးကထည့်လို့ရတယ်။

ရှင်းလင်းချက်။ ။ ကေဘီဇက်ပေး၊ စီဘီပေးတို့လို တစ်ချို့ဝေါလက်တွေကို ဘဏ်တွေက ဝန်ဆောင်မှုပေးနေတာဖြစ်ပြီး သက်ဆိုင်ရာဘဏ်အကောင့်တွေ၊ ကတ်တွေနဲ့ ချိတ်ဆက်ထားပြီး ငွေထည့်လို့ရသလို ကိုယ်စားလှယ်ဆီကလည်း ထည့်လို့ရပါတယ်။

# သင်ခန်းစာ (၄)

# ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု

## သင်ခန်းစာ (၄) ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု

**(၄.၁) ငွေပေးချေမှုသမိုင်းကြောင်း**

**(၄.၂) ဒစ်ဂျစ်တယ်ငွေကြေးလွှဲပြောင်းခြင်း**

**(၄.၃) ဒစ်ဂျစ်တယ်ငွေကြေးစနစ်**

**(၄.၄) မတူညီသော ငွေကြေးဝန်ဆောင်မှုများအကြား အပြန်အလှန်ငွေပေးချေနိုင်သည့်စနစ်များ (Interoperable Payment Systems)**

**(၄.၅) အခုဝယ် နောက်မှရှင်း (Buy Now, Pay Later)**

### သင်ခန်းစာရည်ရွယ်ချက်


- ❑ ငွေပေးချေမှုသမိုင်းကြောင်းနှင့်ဒစ်ဂျစ်တယ်ငွေကြေးသဘောတရားကို သိရှိစေရန်။
- ❑ မတူညီသော ငွေကြေးဝန်ဆောင်မှုများအကြား အပြန်အလှန်ငွေပေးချေနိုင်သည့်စနစ်ကို သိရှိစေရန်။

### အဓိကပါဝင်ရမည့်အချက်များ

- ❑ မြန်မာနိုင်ငံတွင် လက်ရှိသုံးနေသော ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများ အကြောင်းနှင့် မတူညီသော ငွေကြေးဝန်ဆောင်မှုများအကြား အပြန်အလှန် ငွေပေးချေနိုင်သည့်စနစ်ကို မိတ်ဆက်ပြောပြရန်။

## (၄.၁) ငွေပေးချေမှုသမိုင်းကြောင်း

ငွေပေးချေမှု တိုးတက်ပြောင်းလဲလာပုံကို အကျဉ်းချုပ် လေ့လာနိုင်ပါသည်။



## (၄.၂) ဒစ်ဂျစ်တယ်ငွေကြေးလွှဲပြောင်းခြင်း (Digital Cash Transfer)

ကိုယ့်ရဲ့ အီလက်ထရောနစ်ငွေကြေး (e-money) ကို မိုဘိုင်းလ်ဝေါလက်အကောင့်အချင်းချင်းဖြစ်စေ/ ဘဏ်အကောင့်အချင်းချင်း ဖြစ်စေ၊ မိုဘိုင်းလ်ဖုန်းနံပါတ်ကို သုံးပြီးဖြစ်စေ ဒစ်ဂျစ်တယ် နည်းပညာသုံးပြီး အွန်လိုင်းကတစ်ဆင့် ငွေသွင်း/ငွေထုတ် ပြုလုပ်တာဟာ ဒစ်ဂျစ်တယ်ငွေကြေးလွှဲပြောင်းခြင်းပါပဲ။

**ဒစ်ဂျစ်တယ်ငွေကြေးကို ဘယ်လိုခေါ်ကြသေးလဲ။**

- ဒစ်ဂျစ်တယ်မန်းနီး (Digital Money)
- ဒစ်ဂျစ်တယ်ကက်ရှ် (Digital Cash)
- အီလက်ထရောနစ်ပိုက်ဆံ (Electronic Money)
- အီးမန်းနီး (eMoney)
- ဆိုက်ဘာကက်ရှ် (CyberCash) စသဖြင့်ခေါ်ဝေါ်ကြပါသေးတယ်။

## (၄.၃) ဒစ်ဂျစ်တယ်ငွေကြေးစနစ်

**အားသာချက်များ**

- ငွေလွှဲရတာ လွယ်ကူမြန်ဆန်တယ်။
- နေရာမရွေး၊ အချိန်မရွေး လွှဲပြောင်းနိုင်တယ်။
- ကုန်ကျစရိတ်၊ လူအင်အား သက်သာတယ်။

**အကန့်အသတ် အတားအဆီးများ**

- ဒစ်ဂျစ်တယ်အချက်အလက်တွေ ဖြစ်တဲ့အတွက်ကြောင့် ချိုးဖောက်ရလွယ်ကူသလို တစ်ဖက်မှာလဲ ဒစ်ဂျစ်တယ်အချက်အလက်တွေဖြစ်တဲ့အတွက် ခြေရာခံနိုင်ဖို့ ခက်ခဲတယ်။

လက်ရှိ မြန်မာနိုင်ငံမှာ အသုံးများတဲ့ **ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု** တစ်နည်းအားဖြင့် **ဒစ်ဂျစ်တယ်ငွေသွင်း/ငွေထုတ်လမ်းကြောင်း** တွေက

- မိုဘိုင်းလ်ဝေါလက် [ KBZ pay(Kpay) , Wave Pay ]
- မိုဘိုင်းလ်ဘဏ်ကင်း [ CB Mobile Banking , AYA Mobile Banking ]
- အင်တာနက်ဘဏ်ကင်း
- ဒက်ဘစ်/ ခရက်ဒစ်ကတ်နဲ့ အေတီအမ်
- ကတ်နဲ့ ဈေးဝယ်တဲ့ POS  စသသည်တို့ဖြစ်တယ်။

## (၄.၄) မတူညီသော ငွေကြေးဝန်ဆောင်မှုများအကြား အပြန်အလှန်ငွေပေးချေနိုင်သည့်စနစ်များ (Interoperable Payment Systems)

မတူညီတဲ့ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုအမျိုးမျိုးကြား အပြန်အလှန်ငွေလွှဲပြောင်းနိုင်သည့် စနစ်ဖြစ်ပါတယ်။ မတူညီတဲ့ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု အမျိုးမျိုးဆိုတာ ဥပမာအားဖြင့်

- KPay, WavePay, CB Pay, AYA Pay စတဲ့ **မိုဘိုင်းလ်ဝေါလက်များ**
- KBZ, AYA, CB, YOMA စတဲ့ **ဘဏ်ဝန်ဆောင်မှုများ**တို့ဖြစ်ပါတယ်။

ယခုလက်ရှိအချိန်မှာတော့

**ဘဏ်အများစု အချင်းချင်းကြားမှာ** အပြန်အလှန် ငွေလွှဲပြောင်းမှုများပြုလုပ်နိုင်ပါတယ်။ သက်ဆိုင်ရာ ငွေလွှဲဝန်ဆောင်ခတော့ ကျသင့်မှာဖြစ်ပါတယ်။ ဘဏ်အချင်းချင်းကြားက အပြန်အလှန်ငွေလွှဲ ဝန်ဆောင်မှုပေးနိုင်တဲ့စနစ်ကို **CBM Net** လို့ခေါ်ဝေါ်သုံးစွဲပါတယ်။
**မိုဘိုင်းလ်ဝေါလက်တွေအချင်းချင်းကြား** ငွေလွှဲပြောင်းနိုင်ရန်အတွက်ကတော့ ကန့်သတ်ချက်များ ရှိနေဆဲ ဖြစ်ပါတယ်။
***မှတ်ချက်***- *ThitsaWorks က ရေးဆွဲ စမ်းသပ်နေပြီဖြစ်တဲ့ WynePay*
*CBPay မှ WavePay သို့ ငွေထည့်သွင်းနိုင်ခြင်းစသည်တို့ကတော့ ချွင်းချက် အနေနဲ့ရှိနေပါတယ်။*

### (၄.၅) "အခုဝယ် နောက်မှရှင်း" (Buy Now, Pay Later)

"အခုဝယ် နောက်မှရှင်း" (Buy Now, Pay Later)

ဒီစကားလုံးက ဒီနေ့ခေတ်မှာ လူပြောများနေပါတယ်။ သဘောကတော့ ရောင်းရေးဝယ်တာတွေ ပိုမိုမြန်ဆန်လာနိုင်ခြင်းက လုပ်ငန်းတွေရဲ့ အသက်သွေးကြောဖြစ်လာပါတယ်။

ဒါရဲ့အခြေခံကတော့ ငွေကြေးနည်းပညာ (ဖင်န်တက်ခ် - FinTech) အသုံးချမှုပဲဖြစ်ပါတယ်။

လုပ်ငန်းတွေနဲ့ စားသုံးသူကြားမှာ  ငွေကြေးနည်းပညာက ပေါင်းကူးချိတ်ဆက်ပေးခြင်းဖြင့် ကိုယ့်ရဲ့ လုပ်ငန်းတွေ ပိုမို မြန်ဆန်ချောမွေ့လာစေမှာပါ။

**ဥပမာ** - ဓာတ်မြေသြဇာအရောင်းဆိုင်တစ်ခု။ သူ့ဆိုင်က ပစ္စည်းတွေကို ချေးငွေနဲ့ရောင်းချင်တယ်။ သူ့မှာ ချေးငွေလုပ်ငန်းမရှိဘူး။ ဒါဆို သူက ချေးငွေလုပ်ငန်းနဲ့ ချိတ်ဆက်လိုက်ခြင်းအားဖြင့် သူ့ဆိုင်က ပစ္စည်းတွေကို ချေးငွေနဲ့ ဝယ်လို့ရသွားပြီ။

ဒီနေရာမှာ အရောင်းဆိုင်က ချေးငွေလုပ်ငန်းရဲ့ ငွေချေးတဲ့ဝန်ဆောင်မှုဆိုတဲ့ ငွေကြေးဝန်ဆောင်မှုကို နောက်ကွယ်မှာ ငှားသုံးထားတာပေါ့။

ဒီလို နည်းပညာဝန်ဆောင်မှု ငှားသုံးတာမျိုးကို ကန့်လန့်ကာနောက်က ငွေကြေးနည်းပညာ အင်္ဂလိပ်လိုကတော့ အမ်းဘက်ဒက်ဒ်ဖိုင်းနန့်စ် (Embedded Finance) လို့ခေါ်ပါတယ်။

ဒီတော့ အခုပြောပြတဲ့ ငွေကြေးနည်းပညာဟာ မကြာမီမှာပဲ ကိုယ့်ရဲ့ လက်တစ်ကမ်းကို ရောက်လာခြင်းဖြင့် ယခု လက်ရှိအခြေအနေထက် ပိုမိုချောမွေ့စွာနဲ့ ကိုယ့်ရဲ့ လုပ်ငန်းခွင်လိုအပ်ချက်များကို တစ်နေရာတည်းမှာပဲ ငွေသားမဲ့ ဒါမှမဟုတ် ချေးငွေနဲ့ ဝယ်ယူနိုင်တဲ့ တစ်နေ့ကို ရောက်လာနိုင်ပါတယ်ဆိုတဲ့အကြောင်း  မိတ်ဆက်ပေးလိုက်ပါတယ်။

**လေ့ကျင့်ခန်း**

**၁။ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုရဲ့ အားသာချက်တစ်ခုက လူအင်အားသက်သာတယ်။ (မှန်/မှား)**

**၂။ ဒစ်ဂျစ်တယ်ငွေကြေးကို အီးမန်းနီးလို့လဲ ခေါ်တယ်။ (မှန်/မှား)**

**၃။ ဒစ်ဂျစ်တယ်ငွေသွင်း/ငွေထုတ်လမ်းကြောင်းက**

- ❑ မိုဘိုင်းလ်ဝေါလက်တွေ
- ❑ မိုဘိုင်းလ်ဘဏ်ကင်း
- ❑ အင်တာနက်ဘဏ်ကင်း
- ❑ ဒက်ဘစ်/ ခရက်ဒစ်ကတ်နဲ့ အေတီအမ်ကတ်
- ❑ အထက်ပါအားလုံး ဖြစ်သည်။

## လေ့ကျင့်ခန်း အဖြေနှင့် ရှင်းလင်းချက်များ

**၁။ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုရဲ့ အားသာချက်တစ်ခုက လူအင်အားသက်သာတယ်။**
အဖြေ။ ။ မှန်
ရှင်းလင်းချက်။ ။ ငွေပမာဏအနည်းငယ်ကအစ ငွေသွင်း/ငွေထုတ်/ငွေလွှဲတာတွေကို ကိုယ့်ရဲ့ ဖုန်းထဲကနေပဲ အလွယ်တကူ ဆောင်ရွက်နိုင်တယ်။

**၂။ ဒစ်ဂျစ်တယ်ငွေကြေးကို အီးမန်းနီးလို့လဲ ခေါ်တယ်။**
အဖြေ။ ။ မှန်
ရှင်းလင်းချက်။ ။ အီလက်ထရောနစ်ငွေကြေး (electronic money) ရဲ့ အတိုကောက် အီးမန်းနီးလို့လဲ ခေါ်ပါတယ်။

**၃။ ဒစ်ဂျစ်တယ်ငွေသွင်း/ငွေထုတ်လမ်းကြောင်းက**
အဖြေ။ ။ အထက်ပါအားလုံး ဖြစ်သည်။
ရှင်းလင်းချက်။ ။ မိုဘိုင်းလ်ဝေါလက်၊ မိုဘိုင်းလ်ဘဏ်ကင်း၊ အင်တာနက်ဘဏ်ကင်း၊ ဒက်ဘစ်/ခရက်ဒစ်ကတ်နဲ့အေတီအမ်စနစ်တွေအားလုံးကို အသုံးပြုပြီး ဒစ်ဂျစ်တယ်ငွေကြေးကို လွှဲပြောင်းခြင်း ပြုလုပ်နိုင်ပါတယ်။